# သွေးချင်းတို့မြေ ချင်းပြည်နယ်တောင်ပိုင်း

MYANMAR CUPID
Myanmar e-Books Library
Commercial Use of This Book will be at Your OWN RISK

မှတ်တမ်းရေးသားသူ – nyisay

Myanmarcupid Conmity Forum

Myanmarcupid.net

ဧရာဝတီဒေသမှာ ကြီးခဲ့ရတဲ့သူတစ်ယောက်အတွက် တောင်တန်းကြီးတွေဆိုတာ အနောက်ရခိုင်ရိုးလောက်သာ မြင်ဖူးခဲ့သူပါ။ အကြောင်းဆုံတော့ သူငယ်ချင်းတစ်ယောက်ရဲ့ ကောင်းမှုကြောင့် ချင်းတောင်တန်းကြီးတွေကို ကြည့်ခွင့်ကြုံလာရပါတယ်။

သွားရမယ့် ချင်းပြည်နယ်ဆိုတာ တောင်ပိုင်းချင်းတို့ရဲ့ ပျော်စံရာ 'မင်းတပ်၊ မတူပီ' နယ်ပတ်ဝန်းကျင်ပါ။ ဒီဒေသကို သွားခဲ့စဉ်အခါက ပခုက္ကူမြို့ကနေ သွားလို့ရပေမယ့် မသွားခဲ့ပါဘူး။ ရန်ကုန် – ပခုက္ကူကားတွေက စီးရတာ ခရီးကကြာ၊ လမ်းကကြမ်း၊ ကားတွေက ကုန်စည်တွေပြည့်နေတာများတဲ့အတွက် ပုဂံညောင်ဦးကားကို ရွေးစီးခဲ့ပါတယ်။ ပုဂံဘုရားတွေလည်း ဖူးရင်းပေါ့။ ပုဂံဘုရားတွေ ဖူးလို့ဝမှ ပခုက္ကူဘက်ကို ကူးလာပြီး မင်းတပ်ဘက်ကို ဆက်သွားရင် အဆင်ပြေပါတယ်။

ပခုက္ကူမြို့ကနေ မင်းတပ်ဘက်ကို သွားတဲ့အခါ ဂျစ်ကားတွေရှိပါတယ်။ နေ့စဉ်ထွက်တဲ့ သဘောတော့မဟုတ်ပါဘူး။ ဂျစ်ကားတစ်စီးကို လူ ၁၅ယောက် သတ်မှတ်ထားတယ်ဆိုရင်၊ လူ ၁၅ ယောက်ပြည့်တာနဲ့ တစ်စီးထွက်တာပါပဲ။ အချိန်မရွေးပါဘူး။ ကားစီးလုံးငှားမယ်ဆိုရင်လည်း ဖြစ်တာပါပဲ။ ပခုက္ကူမြို့ပေါ်မှာ 'မင်းတပ်ကြားစခန်း' ဆိုတာ ရှိပါတယ်။ အဲဒီမှာ မင်းတပ်မြို့ကို သွားမယ့်လူတွေအတွက် နားခိုရာလည်းဖြစ်၊ ကားစုံစမ်းရာနေရာလည်း ဖြစ်နေပါတယ်။

ပုဂံဘုရားတွေ ဖူးပြီးတဲ့နောက် ပခုက္ကူဘက်ကို ကူးလာပြီး မင်းတပ်ကို ဂျစ်ကားနဲ့ မသွားတော့ပဲ သူငယ်ချင်းရဲ့ ဆိုင်ကယ်နဲ့ပဲ သွားဖြစ်ခဲ့ပါတယ်။ ဆိုင်ကယ်က ဂျစ်ကားထက်တော့ ပိုမြန်တယ် ဆိုရမှာပါ။ သွားရ လာရတာလည်း ပေါ့ပေါ့ပါးပါး ရှိပါတယ်။ ပခုက္ကူမြို့ဟာ ဧရာဝတီသားတစ်ယောက်ရဲ့ မျက်စိထဲတော့ သိပ်ကို အညာဆန်တယ်ဆိုရမလားပဲ။ မြို့လမ်းတစ်လျှောက် လူသုံးလေးယောက်လောက် ဖက်လို့ရတဲ့ တမာပင်ကြီးတွေ စီးနေအောင် ပေါက်တဲ့ မြို့တစ်မြို့ပါ။ မြို့အပြင်လမ်းတစ်လျှောက်မှာတော့ ထနောင်းပင်တွေ အစီအရီ၊ ရေမရှိတဲ့ သဲချောင်းလေးတွေ ဟိုနေရာတစ်ခု ဒီနေရာတစ်ခုပေါ့။ တစ်ခုပြောဖို့ မေ့နေတာက ကျွန်တော်တို့ ပခုက္ကူက စထွက်လာတဲ့အချိန်ဟာ နေ့လည် ၁နာရီခွဲ ကျော်ကျော်အချိန်လောက်လေးမှာပေါ့ ခင်ဗျာ။

ပခုက္ကူမြို့က ထွက်လာခဲ့ပြီးတဲ့နောက် သိပ်မကြာခင် အချိန်လေးမှာ 'ကမ္ဗ' လို့ခေါ်တဲ့ စံပြရွာ တစ်ရွာကိုရောက်ပါတယ်။ ရွာဆိုသော်လည်း ရွာလို့ သတ်မှတ်လို့မရတဲ့ မြို့တစ်မြို့တစ်မြို့ပါ။ 'ကမ္ဗ' မှာ ခဏနားပြီး လက်ဖက်ရည်ဆိုင်ထိုင် လက်ဖက်ရည်သောက်ပေါ့။ လက်ဖက်ရည်အတော်ကောင်းတဲ့ နေရာခင်ဗျ။ ဇီးထန်းလျှက်တွေလည်း ပေါမှပေါ။ သနပ်ခါးတုံးတွေ ရောင်းတာလည်းတွေ့ရ၊ အစစ်လား အတုလားတော့ ကောင်းကောင်း မခွဲခြားတတ်ပါဘူး။ 'ကမ္ဗ'မှာ ခဏနားလို့ ပြီးတဲ့အခါ ရှေ့ခရီးကို ဆက်သွားကြပါတယ်။ လမ်းတလျှောက် နေပူသော်လည်း လေးတဖြူးဖြူးနဲ့ဆိုတော့ ပူလို့ ပူမှန်း မသိ။ တစ်ချက် တစ်ချက် လေနဲ့အတူပါလာတဲ့ သဲတွေ ဖုန်တွေပါ မျက်နှာကို လာလာဟတ်ရင် စပ်ဖျင်းဖျင်းနဲ့။

သိပ်မကြာခင်အချိန်မှာ 'ယော' ချောင်းတံကြီးကို ဖြတ်ကျော်ရပါတော့တယ်။ သံဘောင်တွေနဲ့ တည်ဆောက်ထားပြီး ပျဉ်ခင်းတဲ့ တံတားကြီးတစ်ခုပါ။ ကျွန်တော်တို့ 'ယော'ချောင်း တံတားကို ဖြတ်ကျော်ခဲ့တဲ့ အချိန်က ဒီဇင်ဘာလကုန်ခါနီး အချိန်ဆိုတော့ ချောင်းထဲမှာ ရေအတော်နည်းနေပါပြီ။ ချောင်းထဲမှာ သဲပြင်ကြီးဖြစ်ပြီ အလယ်ကျောလောက်မှာပဲ ရေအနည်းငယ် စီးဆင်းနေတာကို တွေ့ရပါတယ်။ သဲပြင်ပေါ်မှာလည်း မေမြို့ပန်းလို အပင်မျိုးတွေ စိုက်ထားတာ တွေ့ရပါတယ်။ သူငယ်ချင်းရဲ့ အဆိုအရတော့ ဒီ 'ယော'ချောင်း တံတားဟာ အတော်အရေးပါတယ်ဆိုပဲ။ မိုးတွင်းလို အခါမျိုး ရေးကြီးတဲ့အခါ တံတားအနည်းငယ် ပျက်စီးသွားရင် ကားတွေ သွားလို့မရတော့ပါဘူး။ ဒီအခါမှာ မင်းတပ်တို့ မတူပီတို့မှာ ကုန်ဈေးနှုန်းတွေ မြင့်တက်သွားတဲ့ အချိန်ကို ရောက်သွားပါတယ်တဲ့။

ယောချောင်းကို ဖြတ်ကျော်ပြီးတဲ့ အခါမှာတော့ ရှေ့မှာ 'အုန်းတော'ဆိုတဲ့ ရွာတစ်ရွာကို ထပ်တွေ့ရပါတယ်။ ဒီလို လမ်းဘေးက ရွာတွေ တစ်ခုပြီး တစ်ခုဖြတ်ကျော်ပြီးတဲ့အခါ... ရှေ့ဘက်မှာတော့ ပေါက်ပေါက်ရောက်ရောက် ရှိသူတို့ရဲ့နေရာ 'ပေါက်' မြို့ကို ရောက်ပါပြီ။ မြန်မာနိုင်ငံရဲ့ အတွင်းထဲကို တဖြေးဖြေး တိုးဝင်လာသလို အညာရင်ခွင်ထဲကို ရောက်သွားတယ်လို့လဲ ခံစားလာရပါတယ်။ 'ပေါက်' မြို့ကို ကျော်ဖြတ်ပြီးတဲ့ အခါမှာတော့ ... ရှေ့ဘက်က လမ်းတွေဟာ တဖြေးဖြေး မြင့်တက်လာသလို ခံစားလာရပါတယ်။ တကယ်တော့ ခံစားလာရတာ မဟုတ်ပါဘူး၊ တကယ်ကို မြင့်တက်လာတော့တာပါ။ ရှေ့မှာ ပုံတောင် ပုံညာတောင်ကြီးက ဆီးပြီး ခံနေပြီလေ။

ပုံတောင်ပုံညာ တောင်ကိုတက်တဲ့အခါ ဆိုင်ကယ်တစ်စီး အတွက်ကတော့ အခက်အခဲ မရှိပါဘူး။ ကားတွေအတွက်တော့ နည်းနည်းခက်တယ် ဆိုရမလားပဲ။ အချို့နေရာမှာဆိုရင် လမ်းက မတ်ကြီးရယ်။ ဂျစ်ကားအချို့ဆိုရင် ငယ်သံပါအောင် အော်နေရတာ တွေ့ခဲ့ပါရဲ့။ ပုံတောင်ပုံညာတောင်ထိပ်ကို ရောက်တဲ့အခါ 'အနောက်မယ်တော်ကြီး' နတ်ကွန်းက ထီးထီးမားမားကြီး ရှိနေတာဗျို့။ ဒီတောင်တကြောမှာတော့ ကားပေါ်ကို ဝက်သားတင်ခွင့် မရှိဘူးလို့လဲ သိရပါတယ်။ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော်လဲ မပြောတတ်။ တင်မိရင်လည်း တစ်ခုခုတော့ ဖြစ်တာပါပဲတဲ့ဗျာ။

ပုံတောင်ပုံညာ တဝိုက်မှာ ကျွန်းပင်တွေ အတော်များများတော့ တွေ့ခဲ့ပါတယ်။ အပင်တိုင်းလိုလို စာကပ်ထားတာတစ်ခုလည်း တွေ့ခဲ့ပါတယ်။

**'သစ်ပင်မခုတ်ရ၊ နတ်ကြီးသည်'**

---

## ကျောက်ထုမြို့အဝင်

ပုံတောင်ပုံညာ တောင်ထိပ်ရောက်တဲ့အခါ တောင်ပေါ်ကနေ ကြည့်လိုက်တော့ ဟိုးဘက် ခပ်ဝေးဝေးမှာ ချင်းတောင်တန်းကြီးတွေဆိုတာ ညို့နေတာပါပဲ။ စိတ်ထဲတော့ အတော်ဝေးသေးတယ် ထင်မိတယ်။ ညသန်းခေါင်လောက်မှ ချင်းတောင်ပေါ်ကို ရောက်မယ်လို့ စိတ်ထဲမှန်းထားမိတယ်။ ပုံတောင်ပုံညာရဲ့ အောက်ခြေမှာတော့ ဟိုနေရာတစ်ကွက် ဒီနေရာတစ်ကွက် လယ်ကွင်းပြင်တွေ တွေ့မိပါရဲ့။ ကျွန်းပင်တွေ ဟိုတစ်ပင် ဒီတစ်ပင်ကလွဲလို့ တောပြုန်းနေပြီဆိုတာ သိလိုက်ရပါတယ်။ ပုံတောင်ပုံညာထိပ်မှာ ခဏနားပြီး ရှေ့ခရီးကို ဆက်သွားတဲ့အခါ တောင်အောင်ကို တဖြေးဖြေး ပြန်ဆင်းလာတာ တွေ့ရပါတယ်။ အဆင်းလမ်းမှာ ခရီးသွား အဖိုးကြီး၊ အဖွားကြီးတွေ တွေ့မိပါရဲ့။ မျက်နှာသုတ်ပဝါကြီးတွေ ခေါင်းပေါင်းလို့ ရှိးသားတဲ့ မျက်နှာအသွင်အပြင်မျိုးတွေနဲ့ ကြည့်ရတာ စိတ်ထဲ ခင်မင်ချင်စိတ်တောင်ဖြစ်မိပါသေး။

သိပ်မကြာခင် 'တဗျင်း' ဆိုတဲ့ မြို့သေးသေးလေးတစ်ခုကို ကျော်ခဲ့ရပြီး 'ယော' နယ်ထဲသို့ ရောက်လာခဲ့ပါပြီ။ လမ်းတလျောက် စိုက်ခင်းတွေ တော်တော်များလည်းတွေ့ရ၊ ဝါးပင်တွေ တော်တော်များလည်း တွေ့ရပေ့ါ။ ဝါးပင်တွေရဲ့ အကြားမှာတော့ ပျားအုံတွေဆိုတာ များမှများပဲ။ ဒီလိုနဲ့ 'ယော' နယ်ထဲသို့ တဖြေးဖြေး တိုးဝင်လာပြီးနောက်မှာ သိပ်မကြာခင်မှာပဲ 'ကျောက်ထု' ဆိုတဲ့ မြို့တစ်မြို့ကို ရောက်လာပါတော့တယ်။

'ကျောက်ထု' ဆိုတာ နယ်နယ်ရရမြို့တော့ မဟုတ်ဘူးခင်ဗျ... ယော လေးယောမှာပါတဲ့ (ကျောက်ထုယော၊ ဆောယော၊ ဂန့်ဂေါယော၊ ထီးလင်းယော) ကျောက်ထုယောတို့ နေထိုင်ရာ

မြို့တစ်မြို့ပါ။ လေယာဉ်ကွင်းရှိပါတယ်။ ကားလမ်းပေါ်က ကြည့်ရင် လေယာဉ်ကွင်းကို ထီးထီးကြီး တွေ့နေရပါတယ်။ ဒါပေမယ့် လေယာဉ်တစ်စီးမှ မတွေ့ခဲ့ပါဘူး။ တစ်နှစ်နေလို့ လေယာဉ်တစ်စီးမှလည်း မဆင်းသက်ပါဘူး။ ကျွန်တော်တို့ 'ကျောက်ထု' မြို့ကိုရောက်တဲ့ အချိန်မှာ ညနေအတော်စောင်းခဲ့ပါပြီ။ ညနေဆည်းဆာထဲမှာ 'ကျောက်ထု' မြို့လေးဟာ အေးချမ်းငြိမ်သက်နေတယ်လို့ ထင်ရပါတယ်။ ကားလမ်းပေါ်က ကြည့်မိတဲ့ အခါမှာလည်း လှလှပပရှိနေတဲ့ မြို့တစ်မြို့ပါ။ 'ကျောက်ထု' မြို့ရဲ့အလှကို ပိုလှအောင် တန်ဆာဆင်ပေးလိုက်တာကတော့ ချင်းတောင်တန်းကြီးတွေပါပဲ။ ဒီမြို့လေးဟာ ချင်းတောင်တန်းကြီးတွေရဲ့ အောက်ခြေမှာ တည်ရှိနေတာကို ခင်ဗျ။ 'ကျောက်ထု' ကနေ ဆက်သွားမယ်ဆိုရင် 'မင်းတပ်' မြို့ကို ၁စမိုင်ပဲ ဝေးပါတော့တယ်။ သိပ်မကြာခင် 'မင်းတပ်' မြို့ကို ရောက်တော့မှာပါ။

## မင်းတပ်မြို့သို့အဝင်

'ကျောက်ထု' မြို့ထဲကို ဆိုင်ကယ်ဖြတ်မောင်းလာတဲ့အခါ နေအတော်စောင်းခဲ့ပါပြီ။ ချင်းတောင်တန်းကြီးတွေက ပြုံဆင်းလာတဲ့ နှင်းငွေ့တွေဟာ ကျောက်ထုမြို့ကို လွှမ်းခြုံတယ်ထင်ပ၊ အေးသလိုလိုလေး ခံစားမိတယ်။ 'ဒို့ယောရွာ' ဆိုတဲ့ ဆိုင်လေးတစ်ဆိုင်ကို လွန်တော့ ကျောက်ထုမြို့ပြင်ကို ရောက်ခဲ့ပါပြီ။ သိပ်မကြာခင်မှာပဲ 'ဆော' နယ်ဘက်ကို သွားတဲ့ လမ်းခွဲတစ်ခု၊ ထူးထူးဆန်းဆန်း 'နသိုး' ဆိုတဲ့ ရွာနာမည်တစ်ခု မှတ်မှတ်ရရ ရှိခဲ့ပါတယ်။ ဒီရွာစဉ်တန်းကို လွန်တော့ ချင်းတောင်တန်းကြီးဆီကို စတင်တက်လှမ်းရပါပြီ။

တောင်တက်လမ်းတွေက ကတ္တရာလမ်းတွေဆိုတော့ လမ်းကောင်းသည်ပေါ့။ သို့သော် အတက်သက်သက်သာ ဖြစ်တဲ့အတွက် ကားပဲဖြစ်ဖြစ် ဆိုင်ကယ်ပဲဖြစ်ဖြစ် ရုန်းရတာပါပဲ။ ကွေ့တစ်ခုလောက်ရောက်ရင် ခဏနားပြီး စက်ကို အအေးပေးရပါတယ်။ သိပ်မကြာခင်မှာ 'ချင်းပြည်နယ်မှ ကြိုဆိုပါ၏' ဆိုတဲ့ ဆိုင်းဘုတ်လေးတစ်ခု တွေ့ပြီးတဲ့နောက် ထူးခြားလာတာကတော့ အအေးဓာတ်ပါပဲ။ သိသိသာသာကို အေးလာတော့တာပါ။ လမ်းဘေးတွေမှာလည်း သစ်ပင်ကြီးတွေ အုံ့ဆိုင်းပြီး တောထူးလာတယ်။ ညအမှောင် ရောက်လာတဲ့အတွက် အချို့သော သားကောင်လေးတွေဟာ လမ်းပေါ်ဖြတ်ဖြတ်ပြေးကြတယ် ခင်ဗျ။ ရှဉ့်လေးတွေက အများစုပေါ့။ တစ်ခါတလေ ဂျီလေးတွေ လမ်းပေါ် တက်ပြေးသွားတာတောင် တွေ့လိုက်ရသေး။

တောင်တက်လမ်းကို တစ်နာရီသာသာလောက် မောင်းတက်ပြီးတဲ့အခါ ထင်းရှူးတောတန်းကို စတွေ့ရတော့တာပါပဲ။ ခြံစည်းရိုးကို ဖရုံဖရဲကာထားပြီး ခြေတံရှည်ရှည်နဲ့ ချင်းအိမ်လေးတွေ ဟိုနေရာတစ်လုံး၊ ဒီနေရာတစ်လုံး တွေ့တွေ့လာရတယ်။ သိပ်မကြာခင်မှာ တောင်တက်လမ်း ဆုံးတော့ မင်းတပ်မြို့ကို စပြီးဝင်ရောက်လာပါပြီ။ အစိုးရရုံးတွေ၊ တိုက်အိမ်တွေ၊ ဘောလုံးကွင်းတွေကိုလည်း တွေ့လာရပါပြီ။ မင်းတပ်မြို့ဟာ အလျားရှည်တဲ့ မြို့တစ်မြို့ဆိုတာ အတော်သိသာပါတယ်။ တောင်ကြောပေါ်မှာ တည်ထားတဲ့အတွက် အလျားရှည်ပြီး ဘေးဘက်တွေ မှာတော့ ချောက်ကြီးတွေပါ။ မြေပြင် မညီညာတဲ့အတွက် အိမ်တွေဆိုတာ ရှေ့မျက်နှာပြင် တိုပေမယ့် နောက်ဘေးဘက်ကတော့ ခပ်မြင့်မြင့်တွေပါပဲ။ ကျွန်တော်တို့ ပခုက္ကူကနေ စထွက်လာတဲ့ အချိန်ရယ်၊

မင်းတပ်မြို့ကို ရောက်တဲ့အချိန်ရယ် အားလုံးတွက်ကြည့်လိုက်တော့ ... ၅နာရီကျော်ကျော် ၆နာရီ နီးပါလောက်ပဲ ကြာခဲ့ပါတယ်။ ဒါတောင် နားလိုက် သွားလိုက်လုပ်ခဲ့တာပါ။

---

## *မင်းတပ်မြို့တွင်း*

### ‘ချင်းခွေးလေးတွေတင်လှတာ မဟုတ်ဘူး။ ချင်းမလေးတွေလဲ လှတာပဲဗျ’

မင်းတပ်မြို့ကို ရောက်ပြီး နောက်နေ့မနက်မှာ ကြားလိုက်ရတဲ့ စကားတစ်ခွန်းပါ။ မနက်ဘက် လက်ဖက်ရည်ဆိုင် ထိုင်တဲ့အခါ ဘေးနားကခုံမှာ ထိုင်နေတဲ့ ယောသားအချို့ရဲ့ ပြောဆိုသံပါ။ မင်းတပ်မြို့ဆိုတာ ချင်းလူမျိုးတွေတင် နေတာမဟုတ်ပဲ၊ ယောသူယောသားတွေရဲ့ နေရာမြို့တစ်မြို့လည်း ဖြစ်ပါတယ်။ မြို့ပေါ်မှာ နေထိုင်သူတွေကို လိုက်ကြည့်ရင် ချင်းလူမျိုးအချို့၊ ယောသူယောသားအချို့၊ အစိုးရအမှုထမ်းအချို့၊ အချိုးညီစွာ ပေါင်းစပ်နေတယ်လို့ ထင်ရပါတယ်။ ယောတွေရဲ့ အဆိုအရ ... ချင်းလူမျိုးနဲ့ ယောလူမျိုးဟာ ညီအစ်ကိုလောက်နီးနီးကို ရင်းနှီးမှု ရှိတယ်လို့ ဆိုပါတယ်။ အောက်ဘက် အရပ်ဒေသတွေမှာ ယောလူမျိုးများကို ပညာသည်လိုလို ဘာလိုလို ပြောဆိုသံကြားဖူးပါတယ်။ အမှန်တကယ် ယောလူမျိုးတွေနဲ့ စကားပြောကြည့်တဲ့အခါ အတော်လေးကို ဖော်ရွေတဲ့လူမျိုး ဖြစ်မှန်း သိရတော့တယ်။ စကားသံဝဲဝဲနဲ့ မျက်နှာကျပုံကလည်း မြင်တာနဲ့ ခင်ချင်စရာ...။ ဘာသာတရားကို ကိုင်းရှိုင်းလိုက်တာမှလည်း အောက်သားတွေ လိုက်မမီဘူး ထင်ပါရဲ့။

မင်းတပ်ကို မရောက်ခင် အချိန်က အတွေးတစ်ခုရှိခဲ့ဖူးတယ်။ ချင်းလူမျိုး အများစုဟာ ခရစ်ယာန် ဘာသာဝင်တွေသာ များတဲ့အတွက် မင်းတပ်မြို့က ချင်းလူမျိုးတွေလည်း ခရစ်ယာန် ဘာသာဝင်တွေပဲ ဖြစ်ရမယ်ပေါ့။ မဟုတ်ဘူးခင်ဗျ။ မင်းတပ်မြို့ဆိုတာ ဗုဒ္ဓဘာသာဝင် ချင်းတွေရဲ့ နေထိုင်ရာ မြို့တစ်မြို့ပါပဲ။ မင်းတပ်မြို့ပေါ်မှာတင် ဘုန်းတော်ကြီးကျောင်း ၂ကျောင်း ထင်ထင်ရှားရှား ရှိနေပါတယ်။ အရှေ့ကျောင်းနဲ့ အနောက်ကျောင်းပါ။ အရှေ့ကျောင်းက သာသာနာပြုဗဟိုကျောင်း ဖြစ်ပြီး၊ အနောက်ကျောင်းကတော့ တောင်ပုလုကမ္မဋ္ဌာန်ကျောင်းတိုက်ပါ။ မင်းတပ်မြို့ရဲ့ အနီးတဝိုက်မှာလည်း ဗုဒ္ဓဘာသာဝင် ချင်းလူမျိုးတွေ အများကြီးရှိပါတယ်။ ကန်ပက်လက်နယ်အထိပေါ့ ခင်ဗျာ။ ဒီနယ်မြေတွေမှာ ဗုဒ္ဓသာသနာပြန့်ပွားသွားရတဲ့ အဓိကအကြောင်းကတော့ တောင်ပုလုဆရာတော်ဘုရားရဲ့ ကျေးဇူးပါ။ နယ်သူနယ်သားတွေအနေနဲ့လည်း တောင်ပုလုဆရာတော်ဘုရားကို အတော်လေး ကြည်ညိုလေးစား ကြတာကို တွေ့ခဲ့ရပါတယ်။

မင်းတပ်မြို့ကို မရောက်ဖူးသေးတဲ့ သူတွေအတွက် မြို့ပေါ်မှာ တည်းစရာခိုစရာ မရှားတာကိုလည်း တွေ့ရပါတယ်။ အရှေ့ကျောင်းမှာ တည်းမလား၊ အနောက်ကျောင်းမှာ တည်းမလား၊ တည်းခိုခန်းမှာ တည်းမလား၊ ကြိုက်ရာနေရာမှာ တည်းလို့ရပါတယ်။ ခဏတဖြုတ်တည်းဖို့ ခိုဖို့အတွက်ကတော့ ခက်ကို မခက်ပါဘူး။ ခက်တာက အချမ်းဒဏ်ပါ။ မင်းတပ်မြို့ကို ရောက်တော့ ဒီဇင်ဘာလကုန်ခါနီး ဆောင်းတွင်းအချိန် ဖြစ်နေတော့ အတော်ကြီးကို အေးပါတယ်။ နေ့ခင်းဘက် နေပူနေသော်လည်း အိမ်အတွင်းထဲတော့ ချမ်းနေတာပါပဲ။ ရေချိုးဖို့ဆိုတာ တွေးလို့ကို မရတဲ့အရာပါ။ ရေကို ထိလိုက်တာနဲ့ လက်ကိုကျဉ်တက်သွားတာပါပဲ။ ရေမချိုးရလည်း ကိစ္စတော့မရှိပါဘူး။ ဒီလောက် အေးနေမှတော့ ချွေးလည်းမထွက်၊ ရေချိုးစရာအကြောင်းလဲ မရှိပေါ့ ခင်ဗျာ။





မင်းတပ်မြို့အရှေ့ဘက်ကကြည့်လျှင် တွေ့ရမယ့် မင်းတပ်မြို့ အနောက်ဘက်မြင်ကွင်း

မင်းတပ်မြို့ထဲ လှည့်ပတ်ကြည့်တဲ့အခါ အသားဖြူတဲ့သူအတော်ရှားတာ တွေ့ခဲ့ရတယ်။ အောက်သူအောက်သားတွေလို မျက်နှာပါးပါးလဲ မဟုတ်။ နောက်ပြီး မျက်နှာမှာ ဆေးတွေထိုးထားတဲ့ အမျိုးသမီးတွေ၊ ပလိုင်းနဲ့ ဓားကိုလွယ်ပြီး လမ်းလျှောက်နေတဲ့ ယောကျ်ားတွေ၊ ကလေးကို စောင်နဲ့ထုပ်ပြီး ကျောပေါ်မှာ လွယ်ထားတဲ့ အမျိုးသမီး ခပ်ငယ်ငယ်တွေ … စုံရောဗျာ မမြင်ဖူးတာတွေ မြင်ခဲ့တွေ့ခဲ့ရတယ်။

တစ်ခုထူးခြားတာက မင်းတပ်ချင်းတွေဟာ အစိမ်းရောင်ကို အတော်နှစ်သက်တာ တွေ့ရတယ်။ ချင်းအမျိုးသမီးလေးတွေ အများစု ဝတ်ဆင်တာကိုကြည့်ရင် အပေါ်အစိမ်း အောက်အစိမ်းတွေသာ များတာကို တွေ့ရတယ်။ ဒီလိုနဲ့ လမ်းလျှောက်ကြရင်း မြို့ရဲ့ အောက်အခြမ်းကို ဆင်းမိတဲ့အခါ ထူးထူးဆန်းဆန်း လူတွေ တန်းစီစောင့်နေတာကို တွေ့ရတော့ ဘာများပါလိမ့်ဆိုပြီး စပ်စုကြည့်တယ်။ ဆက်သွယ်ရေးရုံးကြီး ဖြစ်နေတာကို…။ မင်းတပ်မြို့ပေါ်မှာ ဖုန်းဆက်ဖို့နေရာက အဲဒီရုံးတစ်ခုပဲ ကောင်းကောင်းရှိတာကို ခင်ဗျ။ ကိုယ့်အလှည့်ရောက်ဖို့ အတော်လေး စောင့်ရပုံပေါ်တယ်။ အခုချိန်မှာတော့ အဲဒီလောက်မခက်တော့ပါဘူး၊ အစိုးရက ဖုန်းအတော်များများ ချပေးလိုက်ပြီလို့ သတင်းကြားရပါတယ်။

မင်းတပ်မြို့ အရှေ့ဘက်ကနေ အနောက်ဘက်ကို လမ်းလျှောက်မယ်ဆိုရင် အတော်လေး ကြာကြာလျှောက်ရမယ် လို့ယူဆမိတယ်။ ကျွန်တော်တော့ တစ်ခါမှ မလျှောက်ခဲ့ရပါဘူး။ နည်းနည်းနောနော အရှည်မှ မဟုတ်တာ။ မြို့အလယ် အရှေ့ ဘုန်းကြီးကျောင်းကနေ အနောက် ဘုန်းကြီးကျောင်းအထိကို လမ်းလျှောက်မယ်ဆိုရင် ၁နာရီ နီးနီးလောက် ကြာနိုင်ပါတယ်။ တစ်မြို့လုံးအတွက် ဈေးဟာလည်း မြို့အလယ်မှာပဲ ရှိပါတယ်။ အားကစားကွင်း၊ ထပ်ဆင့်လွှင့်ရုံ၊ ခရိုင်ရုံးတွေဟာလည်း မြို့အလယ်မှာပါပဲ။ မြို့အနောက်ခြမ်းမှာတော့ စစ်တပ်က နေရာယူထားပါတယ်။

တောင်ပေါ်မြို့တွေမှာ နေထိုင်တဲ့သူတွေအတွက် အဓိကအကျဆုံးဟာ ရေပါ။ မင်းတပ် တစ်မြို့လုံး သုံးဖို့အတွက် ရေကိုတော့ မင်းတပ်မြို့ထက် မြင့်တဲ့ တောင်တန်းတွေပေါ်က စီးဆင်းလာတဲ့ တောင်ကျရေကို လှောင်ကန်နဲ့လှောင်ပြီး မြို့ထဲကို ပိုက်လုံးနဲ့ ဖြန့်ပါတယ်။ မိုးရာသီ ဆောင်းရာသီတွေမှာ ရေသိပ်မခက်ပေမယ့်၊ နွေရာသီရောက်ရင်တော့ ရေအတော်လေး ရှားတယ်လို့ ဆိုပါတယ်။ တစ်မြို့လုံးသုံးဖို့ လျှပ်စစ်မီးကတော့ ရေအားလျှပ်စစ်ကရပါတယ်။ စားရေး သောက်ရေး အတွက်တော့ တောင်ပေါ်ဒေသထွက် အသီးအနှံမျိုး၊ နွားနောက်သား၊ ဝက်သား စသည်လောက်ပဲ ပေါပေါများများ ရှိပြီး အခြားအခြားသော အရပ်ဒေသတွေထက် ရှားပါးမှုရှိတာကို တွေ့ခဲ့ရပါတယ်။

 

မင်းတပ်မြို့ အရှေ့ဘုန်းကြီးကျောင်းကနေ မြို့အနောက်ခြမ်းကို တွေ့မြင်ရပုံ>>> မင်းတပ်ချင်းအမျိုးသမီးတို့ရဲ့ ဝတ်ဆင်ဟန်

မင်းတပ်မြို့မှ လှမ်းမျှော်ကြည့်မိရင် အထက်မှာ အုပ်မိုးနေတဲ့ တောင်တန်းကြီးတွေကို တွေ့နေရပါတယ်။ တောင်တန်းကြီးတွေရဲ့ ပတ်လည်မှာ ကားလမ်းလိုလို ဘာလိုလိုတွေ့တာနဲ့ မေးကြည့်မိတယ်။ တကယ်လည်း ကားလမ်းပါတဲ့။ မတူပီမြို့ကို သွားတဲ့ ကားလမ်းလို့ ဆိုပါတယ်။ စိတ်ထဲတော့ နည်းနည်းထူးဆန်းသလို ဖြစ်မိတာပေါ့။ ဒီလောက်မြင့်တဲ့ တောင်တန်းကြီးတွေပေါ်မှာ ကားလမ်းရှိတယ်ဆိုတော့ အံ့ဩသလိုလိုတော့ ဖြစ်သွားတယ်။ ကန်ပက်လက်မြို့ကို သွားတဲ့ လမ်းလည်း ရှိပါသေးတယ်။ အဲဒီဘက်ခြမ်းတော့ ကျွန်တော် မရောက်ခဲ့လို့ မသိရပါဘူး။ ဝိတိုရိယတောင်ကို သွားမယ်ဆိုရင် ကန်ပက်လက်ကို သွားတဲ့ လမ်းကတဆင့်သွားရတယ်လို့တော့ သိရပါတယ်။ ဝိတိုရိယတောင်ကို ချင်းတွေရဲ့ အခေါ်အားဖြင့် ခေါနုသုန်လို့ ဆိုပြီး ကျွန်တော့် သူငယ်ချင်းရဲ့ ရှင်းပြချက်အရတော့ နတ်မတောင်အမည်ပွာယ်ရတဲ့အကြောင်း ပြောပါတယ်။ အဲဒီ နတ်မတောင်ကို ဗဟိုပြုပြီး အနီးအနားမှာရှိတဲ့ တောင်တွေကိုလည်း နတ်မတောင်ထဲ ထည့်သွင်းလို့ နတ်မတောင်တန်းကြီးလို့ ခေါ်ကြပါတယ်။ မင်းတပ်မြို့တောင် နတ်မတောင် စာရင်းထဲမှာ ပါဝင်သွားပါသေးတယ်။

ဒီလိုနဲ့ မင်းတပ်မြို့ပေါ်မှာ နည်းနည်းကြာလာတဲ့အခါ လှမ်းပြီး မြင်နေရတဲ့ တောင်တန်းကြီးတွေဆီ သွားကြည့်ချင်စိတ် ပေါ်လာခဲ့ပါရော။ တိမ်တွေရဲ့ အထက်မှာ ရောက်နေတဲ့ တောင်တန်းကြီးတွေနဲ့ ကာလမ်းတွေက လာပါ လာပါခေါ်နေသလို စိတ်ထဲ မရိုးမရွဖြစ်မိတယ်။ ဒါနဲ့ သူငယ်ချင်းကို ပြောမိတယ်။ အဲဒီဘက်ခြမ်းကို သွားချင်တယ်ပေါ့။ သူငယ်ချင်းကလည်း မငြင်းပါဘူး။ အဲဒီဘက်က ရွာတွေမှာ အမျိုးတွေရှိတဲ့အကြောင်း၊ သွားလည်ဖို့ အဆင်ပြေတဲ့အကြောင်းပြောပါတယ်။ ကျွန်တော့်အတွေးကတော့ ချင်းရွာတွေကို သွားကြည့်ရင် ချင်းလူမျိုးတွေရဲ့ ဓလေ့တွေ၊ ချင်းလူမျိုးတွေရဲ့ နေထိုင်ပုံတွေကို ကောင်းကောင်း သိရမယ်ဆိုတဲ့အတွေးရယ်၊ မင်းတပ်မြို့ကနေ လှန်းကြည့်ရင် တွေရတဲ့ ရှုခင်းထက် ပိုလှတဲ့ ရှုခင်းတွေကို တွေ့မြင်ရမယ်ဆိုတဲ့အတွေးရယ် ဖြစ်မိပါတယ်။

---

## မင်းတပ်မြို့အပြင်သို့

တစ်နေ့ နံနက်ခင်း တစ်ခုမှာတော့ ကျွန်တော်တို့ မင်းတပ်မြို့ကနေ မတူပီကားလမ်း တစ်လျှောက်ကို သွားဖြစ်ခဲ့ပါတယ်။ မတူပီကားလမ်းဆိုတာ မင်းတပ်မြို့ အနောက်ဘက်မှာပဲ ရှိတာပါ။ အနောက်ဘက် ဘုန်းကြီးကျောင်းနဲ့ စစ်တပ်ကို လွန်တော့ မြို့ပြင်ကို ရောက်ခဲ့ပါပြီ။ မြို့ပြင်ရောက်ပြီ

ဆိုကတည်းက တောင်တက်လမ်း ဖြစ်သွားပါပြီ။ မရပ်မနားတက်ရတော့မှာပါပဲ။ မြို့ပြင်ကို ရောက်လာလေ ထင်ရှူးပင်နဲ့ တောင်ဇလပ်ပင်တွေက ပေါလာလေပါပဲ။

လမ်းတလျှောက် လှလိုက်တာမှဗျာ ထင်ရှူးပင်က စိမ်းစိမ်း၊ တောင်ဇလပ်ပွင့်က နီနီ၊ ကြည့်လို့ကို မဝနိုင်အောင်ပါပဲ။ မြို့အထွက် ၉ မိုင်ခရီးလောက် ရောက်တဲ့အခါ စိုက်ပျိုးရေးဌာနတစ်ခုကို တွေ့လိုက်ရတယ်။ ဒီနေရာလေးဟာ မင်းတပ်မြို့ရဲ့ အဓိက ရေဖြန့်ဝေတဲ့ နေရာလေးပါ။ လမ်းတစ်လျှောက်လုံး အတက်ခရီးသာ ဖြစ်တဲ့အတွက် ဆိုင်ကယ်ကို ခဏအနားပေးမယ်ဆိုတဲ့ သဘောနဲ့ ခဏနားဖြစ်ကြပါတယ်။ အဲဒီနေရာမှာ ခဏနားရင်း ဟိုလိုက်ကြည့် ဒီလိုက်ကြည့်နဲ့ စိတ်ဝင်စားတာလေး တစ်ခု တွေ့လိုက်မိတယ်။

ဒီ ၉မိုင် ပတ်ဝန်းကျင်တဝိုက်ဟာ မြို့နဲ့ အလှမ်းဝေးသွားပြီ ဖြစ်တဲ့အတွက် အိမ်လေးတစ်လုံး နှစ်လုံးပဲ ရှိပါတော့တယ်။ ဒီတော့ လျှပ်စစ်မီးမရတော့တဲ့ နေရာတစ်ခုတစ်ခု ဖြစ်သွားပါပြီ။ သို့သော်... စိုက်ပျိုးရေးဌာနမှာ အလုပ်လုပ်နေတဲ့ လူတစ်ယောက်ကတော့ စိတ်ကူးကောင်းကောင်းနဲ့ လျှပ်စစ်မီး ရအောင် လုပ်ထားတာ တွေ့လိုက်ရပါတယ်။ သူ့ စိတ်ကူးလေးက ဟန်တော့ကျသား။ မင်းတပ်မြို့သို့ ပေးဝေမယ့် ရေတွေကို လမ်းကနေဖြတ်ပြီး ၃ကီလို တာဘိုင်လေးနဲ့ ရေအားလျှပ်စစ် ထုတ်ယူလိုက်ပါတယ်။ ပိုက်လုံးက ကျလာတဲ့ရေအရှိန်နဲ့ စက်ကို လည်ပတ်စေတာပါ။ ရေအားလျှပ်စစ် သေးသေးလေးက ထွက်လာတဲ့ မီးအားဟာ အိမ်နှစ်လုံးစာလောက်တော့ ကောင်းကောင်း ဖူလုံပါတယ်။ တီဗွီလဲ ကြည့်လို့ရတယ်၊ ဘက်ထရီအိုးတစ်လုံး အားသွင်းထားတာလဲ တွေ့လိုက်ရပါတယ်။ ညရောက်ရင် မီးပါထွန်းဦးမယ်ဆိုတဲ့ သဘောပေါ့။

၉မိုင်မှာ ခဏနားပြီး ရှေ့ကိုဆက်သွားတဲ့အခါ သိပ်မကြာခင် 'ဒုံအိမ်' 'ဝေါက်ကြုတ်' 'လီလောင်း' 'ဟီလောင်း' စတဲ့ရွာတွေကို သွားဖို့ ခရီးတစ်ထောက်နား စခန်းလေးတစ်ခုကို တွေ့ခဲ့ရပါတယ်။ အဲဒီရွာတွေကို သွားဖို့အတွက်ကတော့ ကားလမ်းလဲမရှိ၊ ဆိုင်ကယ်လမ်းလည်း မရှိတော့ပါဘူး။ ဒီရွာတွေကို သွားဖို့အတွက် တောလမ်းကိုဖြတ်ပြီး ခြေလျှင်လျှောက်မှ ရောက်မှာပါ။ ခြေလျှင်လျှောက်တဲ့အခါမှာ နေ့ဝက်ခရီး၊ အချို့ဆို တစ်နေကုန်ခရီး သွားရတယ်လို့ဆိုပါတယ်။ တောလမ်းတွေဟာ များသောအားဖြင့် မိုးတွင်းလိုရာသီဆိုရင် ကျွတ်အတော်ပေါပါတယ်လို့ သိရပါသေးတယ်။

မင်းတပ် မတူပီကားလမ်းတလျှောက် ဟိုဘက်ကိုကြည့် ဒီဘက်ကိုကြည့်ရင်း သိပ်မကြာခင် ၁၁မိုင်နားကို ရောက်လာပါတယ်။ ၁၁မိုင်နားဟာ အတော်လေးကို အန္တရာယ်များတဲ့နေရာတစ်ခုပါ။ လမ်းကွေ့တွေများပြီး ဘေးပတ်ပတ်လည်မှာလည်း ကျောက်နံရံကြီးတွေ ကာဆီးထားပါတယ်။ အကွေ့တစ်ခုကို ကျော်တိုင်း ရှေ့မှာ ဘာရှိမလဲဆိုတာ တော်တော်နဲ့ မသိနိုင်တဲ့နေရာပါ။ မကြာမကြာ ရှေ့ကလာတဲ့ကားနဲ့ တိုးမိတာတွေ ရှိပါတယ်။ ဆိုင်ကယ်နဲ့ လူနဲ့ ချိတ်မိတာတွေလဲ ရှိတတ်ပါတယ်။ ဒီနေရာနားကို ရောက်လာရင် အရှိန်လျှော့မောင်းမှ အဆင်ပြေနိုင်တာပါ။ ကျွန်တော်တို့ သွားခဲ့စဉ်အခါကလည်း ရှေ့ကနေ ဘွားကနဲ ပေါ်လာတဲ့ လူတစ်ယောက်စ နှစ်ယောက်စ တွေ့မိလိုက်ပါသေးတယ်။ အရှောင်ကောင်းလို့ သီသီလေး လွတ်သွားတာပါ။ ကြည့်လိုက်တော့ မိန်းကလေးငယ်ငယ်လေးတွေ ပလိုင်းကိုကျောပိုးပြီး ဆေးတံခဲလို့ဗျာ။ သူတို့ကတော့ ဆေးတံခဲမပျက်၊ အပြုံးမပျက် အေးအေးဆေးဆေးပါပဲ။ ကျွန်တော်တို့ကသာ မထိတ်သာမလန့်သာ ဖြစ်သွားရပါတယ်။

အန္တရာယ်များတဲ့ ကွေ့တွေကို ကျော်ခဲ့ပြီး သိပ်မကြာခင် မင်းတပ်တစ်မြို့လုံးကို ဆီးပြီးကြည့်လို့ရတဲ့နေရာတစ်ခုကိုရောက်ခဲ့ပါတယ်။ ဒီနေရာလေးဟာ မင်းတပ်မြို့ကနေ မျှော်ကြည့်ရင် တောင်ထိပ်ပေါ်မှာ ခပ်ပြပြလေးမြင်ရတဲ့ ကားလမ်းဖြူဖြူနဲ့ နေရာလေးပါ။ ဒီလိုဆိုရင် ကျွန်တော့်စိတ်ထဲ သိပ်ကိုသွားချင်မိတဲ့ နေရာလေးကို ရောက်ခဲ့ပြီပေါ့။ ဒီနေရာလေးမှာ ဆိုင်ကယ်ကို ခဏရပ်ပြီး တောင်တန်းကြီးတွေ ပတ်လည်ဝိုင်းနေတဲ့ မင်းတပ်မြို့ရဲ့အလှကို တဝကြီး ကြည့်မိပါတယ်။ မြူတွေပတ်လည်ဝိုင်းနေတဲ့ မင်းတပ်မြို့ရဲ့အလှက ကြည့်လို့မဝနိုင်ပါဘူး။ အမြှောင်းလိုက်

အမြောင်းလိုက်ဖြစ်နေတဲ့ တောင်တန်းကြီးတွေကလည်း လှမှလှပေါ့ဗျာ။ အဲသလိုကြည့်နေရင်း စိတ်ထဲမှာ ....

**'..မြူပြာမှုန်ရီ တောင်းတန်းမှ မြူခိုးမှိုင်းဝေလို့နေ....အဝေးက မျှော်လေတိုင်း သတိရလွမ်းနေ ချစ်တဲ့ ချင်းတောင်တန်းရေ ... တောင်ပေါ်မြေမှာ ပွင့်ဖူးတဲ့ တောင်ဇလပ်ပန်းနီလေးရေ...'** ဆိုတဲ့ စံပီဆိုခဲ့တဲ့ သီချင်းလေးကို သတိရမိပါသေးတယ်။

---

## ၂၁ မိုင်သို့

မင်းတပ်မြို့ရဲ့အလှကို တဝကြီးကြည့်လို့ပြီးတော့ ရှေ့ကို ဆက်သွားဖြစ်ကြပါတယ်။ ရှေ့ခရီးမှာ အတက်လမ်း သိပ်မရှိတော့ပါဘူး။ ခပ်မှန်မှန်လေးပဲ သွားလို့ဖြစ်သွားပါပြီ။ နည်းနည်း ထူးခြားလာတာက အအေးဓာတ်ပါ။ သိသိသာသာကို အေးလာပါတယ်။ တောရိပ်တောင်ရိပ်တွေ၊ ကားလမ်းရဲ့အထက် တောင်နံရံကြီးတွေမှာ ကပ်ပြီးပေါက်နေတဲ့ သစ်ပင်ကြီးတွေကြောင့် နေရိပ် ကောင်းကောင်း မထိုးတော့ပါဘူး။ စိမ့်ပြီး အေးလာလိုက်တာ လက်တွေ ကျဉ်လာတဲ့အထိပါပဲ။ လေတိုးတဲ့အတွက် နားရွက်ဖျားတွေအေးပြီး နှုတ်ခမ်းတွေ တဆတ်ဆတ် လှုပ်လာတဲ့အထိပါပဲ။ ဆိုင်ကယ်မောင်းတဲ့ သူငယ်ချင်းလည်း လက်တွေကျဉ်လာတဲ့အတွက် လက်အိပ်ကောက်စွတ်ပြီး ဆက်မောင်းရတဲ့ အခြေအနေကိုရောက်သွားပါတယ်။

ရှေ့ကိုဆက်ပြီး သွားနေတဲ့အချိန် ခပ်လှမ်းလှမ်းမှာ လူတစ်စုကို တွေ့လိုက်ရတယ်။ တောထဲကို ဝင်သွားလိုက် ပြန်ထွက်လာလိုက်ပေါ့။ ဘာများလုပ်နေကြသလဲလို့ နည်းနည်း စပ်စုကြည့်လိုက်တဲ့အခါ... တောထဲဝင်ပြီး ပြန်ထွက်လာတိုင်း ထင်ရှူးဆီအတုံးကြီး တစ်တုံး သယ်သယ်လာတာ တွေ့ရတယ်။ လက်စသတ်တော့ ဒီလူတွေ ထင်းရှူးဆီ ခိုးထုတ်နေကြတာကို ခင်ဗျ။ နတ်မတောင် သစ်တောဥပဒေအရ ထင်ရှူးပင်တစ်ပင်ခုတ်ရင် ထောင်၃ နှစ်လို့ သတ်မှတ်ထားပါတယ်။ အခုဒီလူတွေ သယ်နေတဲ့ ထင်းရှူးဆီအတုံးတွေဟာ နှစ်ပင် သုံးပင်စာရှိနိုင်ပါတယ်။ ဒီထင်ရှူးဆီ အတုံးတွေကို ချင်းပြည်နယ်ကနေ ကားနဲ့ခိုးထုတ်ပြီး အောက်ဘက်ကိုပို့ရင် စီးပွားရေးအရ တွက်သားကိုက်မယ့်ပုံပါ။ အဲဒီလူအုပ်စုကို ကျော်ဖြတ်ပြီး ဆက်သွားကြတဲ့အခါ သိပ်မကြာခင်မှာပဲ ၂၁မိုင်ကို ရောက်ပါတယ်။

၂၁မိုင်မှာ ကားဂိတ်တစ်ခု ရှိတယ်ခင်ဗျ။ မင်းတပ်မြို့နဲ့ နေစဉ်အသွားအပြန်ရှိပါတယ်။ လူနည်းနည်း စည်တယ်လို့ ပြောလို့ရတဲ့နေရာလေးပါ။ လက်ဖက်ရည်တစ်ဆိုင်လည်း ရှိပါတယ်။ ကျွန်တော်တို့လည်း အတော်ချမ်းလာတဲ့အတွက် လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး မီးလှုံဖြစ်ပါတယ်။ မီးဖိုနားမှာနေရတဲ့ အရသာကို အဲဒီတော့မှ ကောင်းကောင်းသိတာပါ။ ဖိမ်အတော်ရှိတာပဲ ခင်ဗျ။ အပြင်က ချမ်းလာမိသမျှ မီးဖိုနား မီးလှုံမိတော့ နွေးလိုက်တာမှ မီးဖိုနားက ခွာတောင်မခွာချင်တော့ပါဘူး။ ဆိုင်ထဲမှာ ကော်ဖီသောက်ရင်း လိုက်ကြည့်တဲ့အခါ ဝိုင်ပုလင်းတွေ တော်တော်များများကို တွေ့မိတယ်။ အဲဒီ ဝိုင်တွေကို ဘာနဲ့ဖောက်ပြီး လုပ်တာလဲလို့ မေးတဲ့အခါ... တောင်ဇလပ်ပန်းပွင့်ကို လုပ်တဲ့အကြောင်း ပြောပြကြတယ်။ တောင်ဇလပ်ပွင့်ဆိုတာ နဂိုထဲက နီနီရဲရဲ၊ အရသာက ချဉ်ပြုံးပြုံးလေးဆိုတော့ ဝိုင်လုပ်လို့ရတဲ့ အမျိုးအစားပါ။ ဒါနဲ့ တောင်ဇလပ်ဝိုင်းကို မြည်းကြည့်ဖြစ်ကြတယ်။ အရသာ အတော်ကောင်းတာပဲ ခင်ဗျ။ ရှတတလေးနဲ့ ချိုနေတာပါပဲ။ အခုတော့ တစ်ပုလင်းကို

ဈေးဘယ်လောက်ရှိသလဲ မပြောတတ်တော့ပါ။ ကျွန်တော်တို့ ဝယ်သောက်ကြည့်ခဲ့အချိန်ကတော့ တစ်ပုလင်းကို ၁၅၀၀ပေးခဲ့ရပါတယ်။

နောက်...အဲဒီဆိုင်လေးမှာ ပျားရည်စစ်စစ်နဲ့ နွားနောက်သားအခြောက်လဲ ကောင်းကောင်း ရနိုင်ပါသေးတယ်။ နွားနောက်သာဆိုတာ အမဲသားလိုတော့ မဟုတ်ပါဘူး။ အသားက အတော်နူးညံ့ပါတယ်။ ဆတ်သားနဲ့ နင်လားငါလားကို တူတဲ့အသားမျိုးပါ။ အမဲသားလို မညှီပါဘူး။ အသားစားဖို့ အတွက် သီးသန့် မွေးမြူရတဲ့ အမျိုးအစားတွေပါ။ ဒီနွားနောက်အသားတွေကို ဘယ်ကနေ ရပါသလဲလို့ မေးမိတဲ့အခါ.... ဆိုင်ရှင်က ပြောပါတယ်။ ဆိုင်တည်နေတဲ့နေရာကနေ တောင်အောက်ဘက်ကို ဆက်ပြီး ဆင်းသွားတဲ့အခါ 'ဘောင်' ရွာကို ရောက်ပါတယ်တဲ့။ အိမ်ခြေ စဝကျော်လောက်ရှိတဲ့ ရွာကြီးတစ်ရွာလို့ပြောပါတယ်။ ရွာကိုဆင်းတဲ့လမ်းက အတော့်ကိုခက်ပါတယ်တဲ့။ မင်းတပ်တကြောမှာ 'ဘောင်ဆင်း ဘောင်တက်' ဆိုတာ နာမည်အကြီးဆုံးပေါ့။ ဘောင် ရွာထဲမှာ ဘုန်းကြီးကျောင်း တစ်ကျောင်းရှိပြီး၊ ရေအားလျှပ်စစ် အသေးစားလေးတစ်ခုလည်း ရှိတယ်လို့ဆိုပါတယ်။ အဲသလို စပ်စုလို့ဝတဲ့အခါ ကျွန်တော်တို့လည်း လက်ဖက်ရည်ဆိုင်ကနေ ဆက်လက် ထွက်ခွာလာခဲ့ပါတယ်။

---

## မိုင်၃၀သို့

၂၁မိုင်ကနေ ဆက်ပြီးထွက်လာခဲ့တဲ့ အခါ... ရှေ့ဘက်မိုင်၃၀နား မရောက်ခင် လေတိုက်ကြမ်းတာ သတိထားမိတယ်။ တောင်ပေါ်ကားလမ်းရဲ့ အောက်ဘက်မှာရှိတဲ့ ချောက်ကြီးတွေကနေ အထက်ကိုပင့်ပြီး တိုက်ခတ်လာတဲ့ လေရဲ့အရှိန်ဟာ သိပ်ပြင်းတော့ တစ်ခါတစ်ခါ ဆိုင်ကယ်ဆိုတာ ယိုင်ထွက်သွားတာပါပဲ။ ဆိုင်ကယ်ကို မနည်း သတိထား မောင်းလိုက်ရတယ်။ လေတိုက်ကြမ်းတဲ့ နေရာကို လွန်တဲ့အခါ ရှေ့ဘက် ခပ်လှမ်းလှမ်းမှာ ထမင်းဆိုင်လေး တစ်ဆိုင်ကို တွေ့လိုက်ရတယ်။ ဒီထမင်းဆိုင်လေးကို သတိရမိလိုက်တာက မင်းသားလွင်မိုး ကော်ဖီမစ်သောက်ခဲ့တဲ့ ဆိုင်လေးပဲ ဆိုတာကိုပါ။ အမှန်တော့ ဒီဆိုင်လေးဟာ ကျွန်တော်နဲ့ အတူပါလာတဲ သူငယ်ချင်းရဲ့ အိမ်ပါ။ သူ ကလေးဘဝက နေခဲ့ဖူးတယ်လို့ ပြောပါတယ်။

ဆိုင်ရှေ့ဘက် တောင်နံရံမှာတော့ ပုံမကျပန်းမကျ တည်ထားတဲ့ စေတီခပ်သေးသေး တစ်ဆူကို တွေ့ရပါတယ်။ ဒီလောက် လက်ရာဆိုးတဲ့ ဘုရားမျိုး မတွေ့ဖူးတာ အမှန်ပါ။ ဒါနဲ့ ဘုရားကို ဘယ်သူ တည်တာလဲလို့ မေးကြည့်ဖြစ်တယ်။ အဲဒီတော့မှ အဖြေကို သိလိုက်ရတာပါ။ တစ်ချိန်က ဒီနေရာလေးဟာ ရဲဘက်စခန်း တစ်ခုဖြစ်ခဲ့ဖူးတယ်။ ဒီစေတီလေးကိုလည်း ရဲဘက်က ထောင်သားတွေ တည်တာပါတဲ့။ ရဲဘက်စခန်း ဖြစ်ခဲ့စဉ်အချိန်က အတော့်ကို ဆိုးရွားတဲ့ နေရာလို့လဲဆိုပါတယ်။ သူငယ်ချင်းရဲ့ ပြောပုံအရတော့ ထောင်သားတစ်ယောက်တောင် ချောက်ထဲဆင်းပြေးပြီး လွတ်မြောက် သွားဖူးပါတယ်တဲ့။

ကျွန်တော်တို့လဲ အဲဒီဆိုင်လေးမှာ ခဏဝင်ပြီး မီးလှုံ၊ ကော်ဖီသောက်ပေါ့။ မီးလှုံရင်း မျက်လုံး လိုက်ကစားကြည့်တဲ့အခါ မီးဖိုပေါ်က ကျပ်ခိုးစင်မှာ ရင်အုံတစ်ခြမ်းနဲ့ လက်တစ်ဘက် တွေ့လိုက်မိတယ်။ ဘာကြီးလဲပေါ့ဗျာ။ မျောက်တဲ့ ခင်ဗျာ။ တောလိုက်လို့ရလာတဲ့ မျောက်ကို ကျပ်ခိုးစင်ထားပြီး ဟိုလူဝင်လာလိုက် တစ်ဖဲ့စားသွားလိုက်၊ ဒီလူဝင်လာလိုက် တစ်ဖဲ့စားသွားလိုက်နဲ့ နောက်ဆုံး ရင်အုံတစ်ခြမ်းနဲ့ လက်တစ်ဘက်ပဲ ကျန်တော့တာပါ။ သူငယ်ချင်းက ဆက်ပြောပါတယ်။

ရေ့နားမှာ နတ်ရေကန်ဆိုတာ ရှိတယ်တဲ့.. ကြည့်ဦးမလားပေါ့။ ကျွန်တော်ကလည်း မငြင်းပါဘူး။ ဒါနဲ့ ကျွန်တော်တို့ မိုင် ၃၀မှာ ခဏနားပြီး မလှမ်းမကမ်းမှာရှိတဲ့ နတ်ရေကန်ဆိုတာကို သွားဖြစ်ကြတယ်။

ကားလမ်းရဲ့အထက် တောင်နံရံပေါ်ကို တက်သွားကြတဲ့အခါ… တောင်ထိပ်တစ်ခုပေါ်ကို ရောက်ပါတယ်။ ရေကန်ဆိုတာ အဲဒီတောင်ထိပ်ပေါ်မှာပဲ ရှိတာပါ။ တောအုပ်လေးတစ်ခုရဲ့ ကြားထဲမှာ ဖြစ်ပေါ်နေတဲ့ ရေကန်လေးတစ်ခုပေါ့။ အတော်လေး ကျယ်ဝန်းပါတယ်။ ကန်ထဲက ရေကတော့ ခြေသလုံးမြုပ်ရုံလောက်ပဲ ရှိတာပါ။ ကန်ထဲမှာ ဖားတစ်ပိုင် ငါးတစ်ပိုင်းလေးတွေ တွေ့မိပါရဲ့။ ငါးလည်းရှိပုံရပါတယ်။ ကန်ထဲက ရေတွေဟာ ၁၂ရာသီရှိတယ်လို့ သိရပါတယ်။ စိမ့်ရေတွေ စုပြီး ကန်ဖြစ်နေတဲ့ သဘောပါ။ ကျွန်တော့် သူငယ်ချင်းကတော့ ပြောပါတယ်။ ဟိုးအရင် အချိန်တွေတုံးက ဒီကန်နား ပတ်ဝန်းကျင်ကို ဖျိုင်းတွေလာကြဖူးတယ်ဆိုပဲ။ ကျွန်တော်ကတော့ အဲဒီစကားကို သိပ်မယုံချင်ပါဘူး။ ဒီလောက်မြင့်တဲ့ တောင်ထိပ်ပေါ်ကို ဖျိုင်းက ဘယ်လိုလာမလဲ ဆိုတာကိုပါ။ ဖျိုင်းဆိုတဲ့ အရာမျိုးဟာ မြစ်တွေချောင်းတွေအဘေး အနေများတဲ့ အကောင်လေးတွေပါ။ ဒီလိုနဲ့ ကျွန်တော်တို့လဲ နတ်ရေကန် ဆိုတဲ့ နေရာနေမှာ ခဏလိုက်ကြည့်ပြီးတော့ ပြန်ဆင်းလာခဲ့ကြပါတယ်။

---

## ၄၅မိုင်သို့

မိုင်၃၀ဘက်ကနေ ဆက်ပြီးထွက်လာတဲ့အခါ သိပ်မကြာခင် မိုင် ၄၀နားကို ရောက်လာခဲ့ပါတယ်။ အိမ်ခြေ၅လုံး ကျော်ကျော်လောက်ရှိမယ်လို့ ထင်ရတဲ့ ရွာစုစုလေးတစ်ခုကို ကားလမ်းပေါ်မှာ တည်ထားတာ တွေ့လိုက်ရတယ်။ ရွာနားရောက်တဲ့အခါ … ကြည့်လိုက်တော့ ခရစ်ယာန်ရွာလေး တစ်ရွာဆိုတာ သိလိုက်ရတယ်။ စာသင်ကျောင်းတွေ ဘာတွေနဲ့ ခင်ဗျ။ **care myanmar** အဖွဲ့က ဆောင်ရွက်ပေးထားလို့ ရေပိုက်လိုင်းတွေ ဘာတွေနဲ့ ရေလဲအတော်ပေါတဲ့ ရွာလေးတစ်ရွာပါ။ ကားလမ်းပေါ်မှာတော့ ကလေးတစ်အုပ် ဆော့နေကြပါတယ်။ ကလေးတွေ ကြည့်လိုက်တော့လဲ မဲသဲနေတာပဲဗျို့။ ထင်းရှူးဆီမှိုင်းတွေ ကပ်နေပုံရတယ်။ အချို့ကအပေါ်အင်္ကျီမပါ၊ အချို့က ဘောင်းဘီတောင်မပါပါဘူး။ ချက်ပြုတ် တန်းလန်းလေးတွေ။ သူတို့ကြည့်ရတာ အပူအပင်မရှိ ပျော်ပျော်ပါးပါးနဲ့ ဆော့နေကြပါတယ်။ ဒီကလေးတွေ တွေ့တော့ စိတ်ကူးရတာနဲ့ အသင့်ပါလာတဲ့ သကြားလုံးထုပ်ကို ဖောက်ပြီး။ တစ်ယောက် ၅ လုံးလောက် ပေးခဲ့ပါတယ်။ ကလေးတွေဆိုတာ မြူးနေတာပဲဗျာ။

မိုင်၄၀ ရွာလေးကို လွန်သွားတဲ့အခါ… ၄၅မိုင်ကို ရောက်ဖို့ သိပ်မဝေးတော့ပါဘူး။ ၄၅မိုင်ရောက်ရင် ကျွန်တော်တို့ ခရီးလမ်းဆုံးပါပြီ။ ကျွန်တော်တို့ သွားလည်ကြမှာက ၄၅မိုင်မှာရှိတဲ့ ရွာတစ်ရွာကိုပါ။ ကျွန်တော့်စိတ်ထဲ မိုင်၄၀နဲ့ ၄၅မိုင်ကို အတော်လေးသွားရတယ် ထင်မိတယ်။ တကယ်ဆို ၅ မိုင်လောက်အကွာအဝေးဟာ သွားမယ်ဆိုရင် သိပ်မကြာပါဘူး။ ဒါပေမယ့် တကယ်ကို ကြာနေပါတယ်။ ကားလမ်း နည်းနည်းဆိုးသွားတဲ့ အတွက်ကြောင့်လို့တော့ ထင်မိတယ်။ ရောက်ခါနီးနာတဲ့ အချိန်မှာ သွပ်မိုးနဲ့ အဆောက်အဦးတစ်ခုကို တွေ့လိုက်ရတယ်။ အနားရောက်တော့မှ တောင်ကုန်း သေးသေးလေးပေါ်မှာ ဆောက်ထားတဲ့ ဘုန်းကြီးကျောင်းမှန်း သိလိုက်ရတာပါ။ ကျွန်တော်တို့ ၄၅ မိုင်ကိုရောက်ပါပြီ။

ကျွန်တော်တို့ ၄၅မိုင်ကို ရောက်ခဲ့တဲ့ အချိန်က အိမ် ၇ လုံးလောက်ရှိပြီး၊ ကားလမ်းကို စောင့်ရှောက်ဖို့အတွက် တာဝန်ကျနေတဲ့ ဆောက်လုပ်ရေး ဝန်ထမ်းတွေလဲ စခန်းချနေကြတာ ရှိပါတယ်။ ဘုန်းကြီးကျောင်းလေးမှာတော့ ဘုန်းကြီးမရှိပါဘူး။ ၄၅မိုင်မှာ ရေသိပ်ရှားတော့ တော်ရုံတန်ရုံ ကားလမ်းပေါ်မှာ တက်မနေနိုင်ကြတာပါ။ နောက်တစ်ချက် ၄၅မိုင် ကားလမ်းပေါ်မှာ ရာသီဥတုက အတော့်ကို ဆိုးပါတယ်။ လေတိုက်ကြမ်းသလောက် အတော့်ကို အေးတဲ့နေရာဖြစ်နေပါတယ်။ နေလည်နေ့ခင်း နေလို့ထိုင်လို့ မဆိုးပေမယ့်၊ ညနေစောင်းလာရင်တော့ မြူတွေကျပြီး အေးစိမ့်လာတာပါပဲ။ အဲဒီတော့ တောင်အောက်ကို ဆင်းပြီးနေကြတာများပါတယ်။ ၄၅မိုင်ကနေ အောက်ကိုဆင်းသွားရင် ရွာလေးတစ်ရွာရှိပါတယ်။ ရွာထဲမှာတော့ ရာသီဥတုမျှပြီး ရေလည်းပေါတဲ့ အတွက် လူအနေလည်း များပါတယ်။ ကျွန်တော်တို့ ဦးတည်တဲ့နေရာက တောင်အောက်က ရွာလေးဆီသို့ပါ။ ဒီအတွက် ၄၅ မိုင်မှာ ခဏနေပြီး တောင်အောက်ရွာလေးဆီသို့ ဆက်ပြီး ဆင်းဖြစ်ခဲ့ကြပါတယ်။



မင်းတပ် မတူပီကားလမ်း ၄၅မိုင်မှ ဘုန်းတော်ကြီးကျောင်းလေး

## ရောင်လောင်းရွာထဲသို့



၄၅မိုင်မှ ကြည့်လျှင် တွေ့ရမည့် အနိမ့်ပိုင်း တောင်ကြောလေးတစ်ခုပေါ်တွင် တည်ထားသော 'ရောင်လောင်း' ရွာ

ရောင်လောင်းရွာ အဆင်းလမ်းက ခပ်ပြေပြေလေးပါ။ ဒါပေမယ့် ခြေကုတ်မမြဲရင်တော့ ခဏခဏ ချော်လဲတာပါပဲ။ တောင်ဆင်းတောင်တက် တစ်ခါမှ မကြုံဖူးတဲ့ လူတစ်ယောက်အတွက် တောင်ဆင်းလမ်း တစ်ခုဟာ ခြေထောက်ကို အားစိုက်ရတဲ့ အလုပ်တစ်ခုမို့ ဒူးတော့နာတတ်ပါတယ်။ အဲဒီမှာ ကျွန်တော့်သူငယ်ချင်းက ပြောင်သလို နောက်သလိုပြောပါတယ်။ တောင်အဆင်းလမ်းဆိုတာ ပြေးဆင်းရတယ်တဲ့။ ပြေးပြီးဆင်းတဲ့အခါ အရှိန်တော့ သိပ်မမြန်စေနဲ့ပေါ့… ရှေ့မှာ သစ်ပင်ရှိရင်လည်း သစ်ပင်ကို လက်နဲ့ တွန်းပြီး အရှိန်ကို ခဏတန့်ပြီး နားလိုက်။ သစ်ပင်သေးရင်လည်း ဖမ်းဆွဲပြီး အရှိန်ကို တန့်လိုက်ပေါ့။ ပြီးတော့မှာ ဆက်ပြီး ဆင်းပြေး… အဲသလို လုပ်ရင် သက်သာတယ်လို့ဆိုပါတယ်။ ကျွန်တော်လည်း သူပြောတဲ့အတိုင်း လုပ်ကြည့်တာ ဟန်တော့အတော်ကျသားဗျာ။ ဟုတ်တုတ်တုတ်ရယ်။

ရွာအဆင်းလမ်းမှာ မမြင်ဖူးတာတစ်ခု မြင်လိုက်ရတယ်။ သစ်ပင်ထိပ်ဖျားမှာ ပွင့်နေတဲ့ တောင်ဇလပ်ဖြူတွေပါ။ ကျွန်တော်သိတာက တောင်ဇလပ်ဆိုတာ အနီတစ်မျိုးထဲရှိတယ် ထင်ခဲ့မိတာပါ။ ဒါပေမယ့် မဟုတ်ဘူးခင်ဗျ။ တောင်ဇလပ်က သုံးမျိုးရှိတယ်လို့ ဆိုပါတယ်။ အနီရယ်၊ အဖြူရယ်၊ အဝါရယ်ပါ။ အနီကတော့ အပေါများဆုံးပေါ့။ အဖြူကတော့ ပေ ၇၀၀၀ ပေ ၈၀၀၀ ပတ်ဝန်းကျင်မှာ ပေါက်တတ်ပြီး၊ အဝါကတော့ ဝိတိုရိယတောင်ဘက်အခြမ်းမှာ ပေါက်တယ်လို့ဆိုပါတယ်။ အခု ကျွန်တော်တွေ့ရတဲ့ အဖြူကတော့ သစ်ပင်တစ်ပင်ပေါ် ညောင်ပင်ပေါက်သလိုမျိုး ပေါက်နေတဲ့ အပင်ပါ။ တောင်ဇလပ်ဖြူများဟာ မြေပြင်မှာ ပေါက်လေ့ မရှိပါဘူး။ သစ်ခွတွေလို အခြားသစ်ပင်ကို မှီပြီးပေါက်ရတာပါပဲ။ နောက်… တောင်ဇလပ်ဖြူနဲ့အတူ သစ်ခွပန်းတွေလည်း တော်တော်များများ တွေ့လိုက်ရပါတယ်။ အဝါရောင်၊ အဖြူရောင်တွေပါ။ ရှားရှားပါးပါး သစ်ခွတစ်မျိုးလည်း ထပ်ပြီး တွေ့လိုက်ရပါသေးတယ်။ 'ချင်းပန်းသက်ရှည်' လို့ခေါ်တဲ့ သစ်ခွမျိုးပါ။ အပွင့်က အနက်ရောင်ရှိပြီး ပန်းပွင့်ထဲ အကွက်လေးတွေကို ကြည့်ရင် မျောက်မျက်နှာလေးနဲ့ တူသလိုလိုပါပဲ။ ဒီသစ်ခွမျိုးကို မိန်းကလေးတွေ ပန်လို့ကတော့ ဆံပင်ရောင်နဲ့ ဖုံးလွှမ်းပြီး ပန်းကို တွေ့ရမယ်တောင် မထင်ပါဘူး။ အရောင်က အနက်ရောင် ဖြစ်နေတာကို…။

ရွာအဆင်းလမ်း တစ်ဝက်လောက်နီးနီး ရောက်တဲ့အခါ ရေကျသံခပ်ပြင်းပြင်းကို ကြားနေရပါတယ်။ ဘေးဘက်က တောင်ကျချောင်းတွေရဲ့ ရေသံပါ။ တောင်တန်းကြီးတွေတစ်ခုနဲ့ တစ်ခုဆက်နေတဲ့ နေရာမှာ အမြောင်းလိုက် ဖြစ်နေတာလေးတွေ ရှိပါတယ်။ အဲဒီအမြောင်းလိုက် နေရာလေးတွေဟာ များသောအားဖြင့် ရေစီးကျတဲ့နေရာတွေပါ။ တောင်ပေါ်ဒေသတွေမှာ ရေလိုချင်ရင် တောင်တစ်ခုနဲ့တစ်ခု ဆုံတွေတဲ့နေရာကိုသာ သွားကြည့် ရေတွေ့ရတာများပါတယ်။

ရွာအဆင်းလမ်းမှာ တောအုပ်ကြီး၂ခုလောက်ကို ဖြတ်ကျော်ခဲ့ကြရပါတယ်။ သစ်ပင်အတော်များတဲ့ နေရာတစ်ခုလို့ ပြောလို့ရတယ်။ အချို့သစ်ပင်ကြီးတွေဟာ နှစ်ချို့ ပင်ကြီးတွေများ ဖြစ်နေသလား မပြောတတ်၊ ပင်စည်ကြီးတွေက နည်းနည်းနောနော မဟုတ်၊ မြင့်တာလည်း အတော်မြင့်တဲ့ အပင်ကြီးတွေပါ။ နောက် ထင်းရှူးပင်တွေလည်း အများကြီးရယ်။ နာရီဝက်ကျော်ကျော် ၄၅မိနစ်လောက် အကြာမှာ ကျွန်တော်တို့ ရွာနားကို ရောက်ခဲ့ကြပါတယ်။ ရွာအဝင်ရောက်တယ် ဆိုရင်ပဲ ရွာထိပ်မှာ ရေလှောင်ကန်တစ်ကန်းကို တွေ့ရပါတယ်။ တောင်ကျရေကို ပိုက်လုံးနဲ့ သွယ်ယူလာပြီး ရွာထိပ်ရေလှောင်ကန်မှာ စုလိုက်ပါတယ်။ အဲဒီရေလှောင်ကန်လေးကနေ တဆင့် ပိုက်လုံးတွေနဲ့ တစ်ရွာလုံးကို ရေဖြန့်ဝေပါတယ်။ ဒီလို ရေလွယ်လွယ်ကူကူရအောင် ဆောင်ရွက်ပေးတာလည်း **care myanmar** အဖွဲ့ပါပဲ ခင်ဗျာ။ သိပ်မကြာခင် ရွာထဲကို ရောက်လာခဲ့တော့ ခပ်လှမ်းလှမ်းမှာ ရွှေရောင်တဝင်းဝင်းနဲ့ စေတီတစ်ဆူတွေ့ရပါတယ်။ နောက် ဘောလုံးကွင်းတစ်ကွင်း၊ မူလတန်း စာသင်ကျောင်း တစ်ကျောင်း အိမ်အချို့ကို ထပ်တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ ရောင်လောင်း ရွာထဲကို ရောက်ခဲ့ပါပြီ။



ရောင်လောင်း ရွာထဲက ချင်းအိမ်လေးတစ်အိမ်

## ချင်းရိုးရာ ညှော်ကြိုပွဲ

ရောင်လောင်းရွာကို ရောက်တဲ့အခါ... စေတီလေးရှိတဲ့ နေရာနားက ဘုန်းတော်ကြီးကျောင်းလေးကို သွားခဲ့ပါတယ်။ ကျွန်တော့် အတွေးက ရွာထဲက အိမ်တွေမှာ တည်းတာထက် ဘုန်းကြီးကျောင်းမှာ တည်းတာက ပိုအဆင်ပြေနိုင်မယ် ထင်တာပါ။ ဦးဇင်းကိုလည်း ဝတ်ဖြည့်ရင်ပေါ့ဗျာ။ ဘုန်းကြီးကျောင်းလေးကို ရောက်တဲ့အခါ ဦးဇင်းတစ်ပါးတည်း ထိုင်နေတာ တွေ့ရပါတယ်။ ဦးဇင်းခမျာ ဧည့်သည်လာလို့ ပျော်နေဟန်တူတယ်။ မျက်နှာကလည်း ရွှင်လို့ပြုံးလို့။ ဦးဇင်းနဲ့ စကားပြောဖြစ်ကြရင်း သိလိုက်ရတာက... ချင်းရွာတွေမှာ မြန်မာစကား ကောင်းကောင်း မပြောတတ်ကြတာပါ။ ဦးဇင်းကတော့ ပြောပါတယ်။ သူက ရန်ကုန်ကနေ လာခဲ့ရတဲ့အကြောင်း၊ သာသနာပြုတာဝန်ကျလို့ ဒီရွာလေးမှာ လာနေရတဲ့အကြောင်းပေါ့။ တည်းခိုစရာရှိရင်လည်း ကျောင်းမှာ တည်းခိုနိုင်တဲ့ အကြောင်း၊ စောင်တွေ ဖျာတွေ ပေါပေါများများရှိတဲ့ အကြောင်းပါ တပါတည်း ဆက်ပြောပါသေးတယ်။ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးသာနေ သိလိုတာရှိရင်လည်း မေး၊ သိတာဖြေမယ်ပေါ့။

ဒါနဲ့ စကားပြောနေရင်း ဦးဇင်းက ရေနွေးတည်ခိုင်းတာနဲ့ ကျွန်တော်လဲ ရေနွေးသွားတည်တာပေါ့။ ရေနွေးတည်နေတဲ့အချိန် ရွာထဲက ကာလသားတွေ ရောက်လာပြီး ကျွန်တော့် သူငယ်ချင်းနဲ့ ချင်းလိုပြောနေကြပါရော။ တစ်လုံးမှတော့ နားမလည်ပါဘူး။ ပြီးတော့မှ သူငယ်ချင်းက ပြောပါတယ်။ ဒီည ကျွန်တော်တို့ကို ခေါင်ရည်နဲ့ ကြိုမယ်ဆိုပဲ။ ကျွန်တော်တို့ဘက်ကလည်း ခေါင်ရည် တစ်အိုးလောက် ပြန်ဝယ်ပြီး ရွာသားတွေကို မိတ်ဆက်ပွဲလုပ်ရင် ဟန်ကျမယ်လို့ သူငယ်ချင်းက ပြောပါသေးတယ်။ ဒီလိုနဲ့ သူတို့ကကြို၊ ကျွန်တော်တို့က မိတ်ဆက်ပေါ့ဗျာ။ ညရောက်လို့ အားလုံး စီစဉ်ပြီးရင် သူတို့လာခေါ်မယ့် အကြောင်းလည်း ပြောပါတယ်။ ဒါနဲ့ ကျွန်တာ်တို့လဲ ညအရောက်ကို စောင့်တာပေါ့ဗျာ။

ည ၈နာရီ ကျော်ကျော်လောက် ရောက်တဲ့အခါ... ရွာကလူငယ်တွေ ဘုန်းကြီးကျောင်းကို ရောက်လာပြီး ကျွန်တော်တို့ကို လာခေါ်ပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း သူတို့နဲ့ အတူတူ လိုက်သွားတာပေါ့။ ရွာအလည် ဘောလုံးကွင်းကို ရောက်တော့ ထင်းရှူးဆီတွေကို မီးရှို့ထားတဲ့ မီးပုံကြီး ၃ပုံတွေ့ရတယ်။ မီးပုံရဲ့ ဘေးမှာလဲ သစ်တုံးတွေချပြီး ထိုင်နေကြတဲ့ ယောကျ်ားလေးတွေ မိန်းကလေးတွေ ၁၅ယောက် ၁၆ယောက်။ လူလတ်ပိုင်းထဲက ၄ယောက်လောက်။ ဒါလူအကုန်ပါပဲ။ ဘေးနားမှာ

ခေါင်ရည်အိုးကြီး ၂ အိုးကို ပိုက်လုံးတပ်ပြီး ထောင်ထားပါတယ်။ ခေါင်ရည်အိုးကို စိုက်ထားတဲ့ ပိုက်လုံးထဲကနေ ခေါင်ရည်တွေက အောက်က ခွက်ထဲတစ်ခုထဲကို စီးကျလို့ပေါ့ဗျာ။

ကျွန်တော်တို့လည်း သူတစ်ခွက် ငါတစ်ခွက်သောက်ရင်း နည်းနည်းကြာလာတော့ မူးလာရောပေါ့။ ခေါင်ရည်အရသာက ချိုသလိုလို ခါးသလိုလိုပါပဲ။ သောက်လို့တော့ အတော့်ကိုကောင်းတာပဲ။ ၃ခွက်လောက် သောက်မိလာတဲ့အခါ လူက ရီဝေဝေဖြစ်လာတယ်။ သိပ်မကြာပါဘူး ရွာထဲက လူငယ်ခေါင်းဆောင်လုပ်သူက ဂီတာတီးတော့တာပါပဲ။ မီးပုံဘေးမှာ ဝိုင်းထိုင်နေကြတဲ့ ကောင်လေးတွေ ကောင်မလေးတွေက သီချင်းတစ်ပုဒ်ကို ဝိုင်းဆိုလိုက်ကြပါတယ်။ သီချင်းဆိုရင်း အရှိန်ရလာတဲ့အခါ ထိုင်နေတဲ့ လူအုပ်ထဲက ကောင်လေးတစ်ယောက်က ထွက်ပြီး ကပါလေရော။ နောက် ကောင်မလေးတစ်ယောက်က ထွက်လာပြီး အတူတွဲကပါတယ်။ သူတို့အတွဲ ကလို မောလာတော့ နောက်တစ်တွဲ ထွက်ကတယ်။ အဲသလိုနဲ့ ဂီတာတီး သီချင်းဆိုလိုက်၊ ကလိုက်၊ ခေါင်ရည်သောက်လိုက်နဲ့ ညသန်းခေါင် အချိန်ကို ရောက်လာခဲ့ပါရော။ ကျွန်တော်တို့လဲ အတော်ကြီးကို မူးနေပါပြီ။ ကြာတော့ လူက မဟန်တော့ဘူး ခင်ဗျ။ ဒါနဲ့ သိပ်မကြာခင်ပဲ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ဘုန်းကြီးကျောင်းကို ပြန်ခဲ့ပါရော။

---

## ရွာအတွင်း တစေ့တစောင်းကြည့်မိသမျှ

နောက်တစ်နေ့ မိုးလင်းတော့ ရွာသားတွေ တောင်ယာဆင်းတဲ့အသံ မကြာမကြာ ကြားနေရပါတယ်။ သူတို့တောင်ယာ ဆင်းတာ စိတ်ဝင်စားဖို့တော့ကောင်းသား… ရှေ့က ခွေးလေးတစ်ကောင်က ပြေးသွားပါတယ်။ နောက်ကနေ ယောကျ်ားက ဆေးလိပ်၊ ဆေးတံခဲ သေနပ်ကိုထမ်းပြီး လိုက်ပါတယ်။ ယောကျ်ားနောက်ကနေ အမျိုးသမီးဖြစ်သူက ကလေးကို စောင်နဲ့ထုပ် ရင်ခွင်ပိုက်ပြီးလိုက်တယ်။ ရေနွေးအိုး၊ ထမင်းအိုးစတဲ့ အသုံးအဆောင်တွေကို ပလိုင်းတစ်ခုထဲ ထည့်ပြီး အဲဒီအမျိုးသမီးကပဲ ကျောမှာပိုးပြီး သယ်ရတယ်။ ရွာနဲ့ တောင်ယာစိုက်ခင်းတွေဟာ အလှမ်းဝေးတတ်တော့ စောစောထသွားကြရတဲ့ သဘောပါ။ တောင်ယာ ရောက်တဲ့အခါ… စိုက်ထားတဲ့ စိုက်ခင်းတွေကို စောင့်ရှောက်ဖို့ အမျိုးသမီး ဖြစ်သူက နေခဲ့ပြီး၊ ယောကျ်ားလုပ်သူကတော့ တောထဲဝင် အမဲလိုက်တာ များပါတယ်။

ဒီလို တောင်ယာဆင်းကြတဲ့ အချိန်များဆိုရင် နေ့လည် နေ့ခင်းဘက် ရွာထဲမှာ ဘုန်းကြီးရယ်၊ ကျောင်းတက်နေတဲ့ ကလေးတွေရယ်၊ စာသင်တဲ့ ဆရာမရယ် ဒီလောက်ပဲ ရှိတော့တာပါ။ အဲဒီအချိန် ရွာထဲကို လိုက်ပြီး လှည့်ပတ်ကြည့်တဲ့ အခါ တိတ်ဆိတ်ငြိမ်သက်နေတော့တာပါပဲ။ ရွာထဲကနေ လှမ်းမျှော်ကြည့်လိုက်ရင် ခပ်ဝေးဝေးတစ်နေရာရဲ့ တောင်ကြောတွေကြားမှာ အကွက် အကွက်လေးတွေ ဖြစ်နေတာ တွေ့ရတယ်။ အဲဒါလေးတွေက ဘာလေးတွေလဲဆိုတာ မေးကြည့်တော့ တောင်ယာစိုက်ခင်းတွေပါတဲ့။ ဒီလိုနဲ့ တောင်ယာအကြောင်း စကားဆက်မိတော့ မေးဖြစ်မိတယ်။ ချင်းလူမျိုးတွေဟာ တောင်ယာတစ်ခါခုတ်ပြီးရင် ရလာတဲ့ မြေကွက်ကို တစ်နှစ်ပဲ စိုက်ပျိုးကြတယ်။ နောက်တစ်နှစ်ဆိုရင် အသစ်ထပ်ခုတ်ကြတယ်လို့ ဆိုပါတယ်။

အဲဒီမှာ ကျွန်တော် ရင်ထိတ်တော့တာပါပဲဗျာ။ ဒီလိုသာ တောင်ယာခုတ်နေရင် တောပြုန်းတော့မှာ…။ တစ်ခါခုတ်ထားတဲ့ မြေကွက်နေရာမှာ သစ်ပင်တစ်ပင်ပေါက်ဖို့ အတော် အချိန်ယူရမယ်လေ။ တောင်ယာခုတ်တဲ့အခါ ရှိရှိသမျှ သစ်ပင်တွေကို အကုန်ခုတ်ချပြီး မီးရှို့ရတာဆိုတော့

အနားပတ်ဝန်းကျင်မှာ ရှိတဲ့အပင်တွေဟာလည်း မီးရှိန်ဟတ်ပြီး သေကုန်တာပါပဲ။ ခက်တော့ခက်သား။ တောင်ယာကို မီးမရှို့ပြန်ရင်လည်း အဲဒီမြေကွက်တွေဟာ စိုက်လို့ပျိုးလို့မရပါဘူး။ စိုက်တဲ့အပင်တွေဟာ အကုန်ပိုးကျပြီး သေတာရယ်၊ မြေဩဇာမဖြစ်တာရယ်ကြောင့် မီးရှို့ကို ရှို့ရပါတယ်။ ခုတ်ထားတဲ့ တောင်ယာကွက်တွေဟာလည်း တစ်နှစ်စာ မြေဩဇာပဲရပါတယ်။ နောက်နှစ်မှာ ထပ်စိုက်လို့ မရတော့ပါဘူး။ ကြာရင်တော့ ရင်လေးစရာပါ။

နောက်ပြီး ဒီအရပ် ဒီဒေသတွေဟာ စပါးစိုက်လို့ သိပ်မဖြစ်ထွန်းပါဘူး။ ရေရှားပါးတာရယ်၊ အေးတာရယ်ကြောင့် စိုက်သလောက် မအောင်မြင်တာပါ။ ရွာသားတွေအများစု စိုက်ပျိုးကြတာကတော့ ဆပ်နီ၊ ဆပ်ဝါ ဆိုတာတွေကိုပါ။ ဆပ်ဝါကတော့ ထမင်းအဖြစ်စားဖို့အတွက် စိုက်ပြီး၊ ဆပ်နီကတော့ ခေါင်ရည်လုပ်ဖို့အတွက် စိုက်ကြပါတယ်။ (ချင်းလူမျိုးတွေရဲ့ ခေါင်ရည်လုပ်ပုံ၊ ခေါင်ရည်ကို အဓိကထားပုံအကြောင်း ရှေ့မှာ ဆက်တင်ပြပါ့မယ်)။ ဆပ်နီ၊ ဆပ်ဝါတွေဆိုတာ မြက်သီးသာသာ အဆင့်လောက်ရှိတာပါ။ စားကြည့်တဲ့အခါ ဖွယ်တယ်တယ်နဲ့ အတော်ဝါးယူရပါတယ်။ အရသာကတော့ မဆိုးပါဘူး ချိုပါတယ်။ ချင်းလူမျိုးတွေဟာ အဲသလိုစိုက်ပျိုးလို့ ရလာတဲ့ ဆပ်နီး၊ ဆပ်ဝါတွေကို တစ်နေ့စာတစ်နေ့ ဖွတ်ပြီးမှ စားကြတာများတယ်။ ကြိုတင်ပြီး ဖွတ်ထားခြင်းလည်း မရှိပါဘူး။ ကြိုပြီး ဖွတ်ထားမယ်ဆိုရင်လည်း ပိုးတက်လို့ ကုန်မယ်ထင်တယ်။ အဲဒီတော့ စိုက်လို့ရသမျှကို ကျီလေးတွေထဲမှာ ထည့်ပြီး သိုလှောင်ထားတယ်။ စာလိုသမျှ ထုတ်ပြီး စားကြတယ်ပေါ့။

ကျေးရွာတွေမှာနေတဲ့ ချင်းလူမျိုးတွေရဲ့ ဘဝ ခါးတယ်လို့ ဆိုရမလားပဲ။ အစားမပြည့်စုံ၊ အဝတ်မပြည့်စုံ။ ကျွန်တော်ရောက်ခဲ့တဲ့ ရောင်လောင်းရွာမှာတင် ဆန်ကို ထမင်းအဖြစ် စားနိုင်တဲ့အိမ် ၃ အိမ်ထက် ပိုမရှိပါဘူး။ အများစုက ဆပ်ဝါကိုသာ စားကြရပါတယ်။ ဆီကိုစားနိုင်ဖို့ဆိုတာ ဝေးရောဗျို့။ အပြင်စီးပွားရေးက မရှိတဲ့အခါ ငွေဝင် ငွေထွက်ဆိုတာ မရှိသလောက်ရှားပါတယ်။ အပြင်လူ အရောက်အပေါက်နည်းပြီး မြို့နဲ့ အလှမ်းဝေးတာလဲ တစ်ကြောင်းပေါ့။ နေ့စဉ် နေ့စဉ် တောထဲ တောင်ထဲသွား … စားလို့ရမယ့် အသီးအရွက်လေးတွေရှာ၊ ရလာတဲ့အခါ ရေလုံပြုတ် ဆားခပ်ပြီး စားကြတာများပါတယ်။ အချို့ဆိုရင် ဆားမသုံးပဲ ပြာကို သုံးတဲ့နေရာတွေတောင် ရှိပါသေးတယ်။

ချင်းလူမျိုးတွေ အသားစားရတဲ့ အချိန်ဟာ တောလိုက်လို့ သားကောင်ရတဲ့ အချိန်ပါ။ ဆတ်၊ တောဝက်၊ ဂျီ တို့လို နည်းနည်း အကောင်ကြီးတာလေးများရရင် တစ်ရွာလုံး အုံးအုံးထနေတာပါပဲ။ သားကောင်ရတဲ့ လူက တစ်ရွာလုံးကို အကြောင်းကြားလိုက်ပါတယ်။ သားကောင်ရတယ်ပေါ့။ အဲဒီတော့မှ ရွာထဲက ရွာသားတွေ စုလာပြီး အရင်ဆုံး ခေါင်ရည်အိုးကိုဖွင့်လို့ သောက်ပွဲကို အရင်လုပ်ကြတယ်။ ပြီးတော့မှ သားကောင်ကို ဖျက်ပါတယ်။ အသားကောင်းကောင်းလေးတွေထဲက အချို့ကိုယူပြီး ရွာကဆရာတော်နဲ့ ကျောင်းဆရာမများအတွက် ဝေစုပေးပါတယ်။ အဲသလို စီစဉ်လို့ ပြီးရင်တော့ … သားကောင်ရတဲ့ လူရဲ့ အိမ်ရှေ့မှာ မီးဖိုပြီး အိုးခပ်ကြီးကြီးတစ်လုံးကို တင်လိုက်ပါရော..။ ပြီးရင်တော့ ဆပ်နီတွေကို အိုးထဲထည့် ရေထည့်ပြီး ဆန်ပြုတ် ပြုတ်သလို ပြုတ်လိုက်ပါတယ်။ ဖျက်ထားတဲ့ သားကောင်ရဲ့ အသားတွေကိုလည်း ရေဆေးပြီး အတုံးလေးတွေလုပ်ကာ အိုးထဲ ထပ်ထည့်ပါတယ်။ အိုးကို မွှေရင်း အသားရော ဆပ်နီတွေရော နူးသလောက် ရှိခါနီးပြီဆိုရင် ဂျင်းတွေ၊ ဆားတွေ၊ ကြက်သွန်မြိတ်တွေထည့် အရွက်အချို့လည်း ထင်တယ် ထင်ပါတယ်။ ပြီးတော့ အပေါ့အငန် မြည်းကြည့်ပြီး အဆင်ပြေပြီဆိုရင် တစ်ရွာလုံး ဝိုင်းစားကြပါရော။

သူတို့ကို မေးကြည့်ပါသေးတယ်။ မညှီဘူးလားပေါ့။ သူတို့က ရီတယ်ဗျာ။ ခေါင်ရည်သောက်ထားလို့ မူးနေတာပဲတဲ့… ညှီလို့ ညှီမှန်းတောင် မသိတဲ့ဗျာ။ အဲဒီ ခေါင်ရည် သောက်တဲ့နေရာမှာ ကလေးပေါက်စလေးကအစ သောက်ကြတာပါပဲ။ အမျိုးသမီးတွေလည်း မရှောင်ပါဘူး၊ သောက်တာပါပဲ။ သူတို့တွေ ခေါင်ရည် မူးလာရင်တော့ စကားတွေပြော တဟေးဟေး တဝါးဝါးနဲ့ ဆူညံပွက်နေတော့တာပါပဲ။ ချင်းလူကြီး တစ်ဦးရဲ့ ရှင်းပြချက်အရတော့.. သူတို့ရဲ့ ခေါင်ရည်ဟာ အင်အားကို တိုးပွားစေတယ်လို့ ဆိုပါတယ်။ ချင်းလူမျိုးတွေဟာ ဟင်းကောင်းကောင်း

မစားရတဲ့ အတွက် အစားအသောက်က ရယူရမယ့် အားကို ခေါင်ရည်က ရယူလိုက်ပါတယ်။ ခေါင်ရည်ဆိုတာက ဆပ်နီတွေကို အဆီထုတ်ထားတဲ့ သဘောလိုလည်း ပြောပါတယ်။ ဟုတ်တန်ကောင်းရဲ့လို့တော့ တွက်မိသား။ ချင်းလူမျိုးတွေ အလုပ်ပင်ပင်ပန်းပန်း လုပ်ကြရတယ်။ အလုပ်လည်း လုပ်နိုင်ကြတယ်လေ။ ခေါင်ရည်ကို စိတ်ဝင်စားသွားပါပြီ။ ရွာက မပြန်ခင်တော့ ရအောင် လေ့လာဦးမယ်လို့ တေးမှတ်ထား လိုက်ပါတယ်။



ဆပ်ဝါပင် တစ်ပင်



ချင်းကလေးငယ်များ ဆပ်ဝါဖွတ်နေပုံ

## တောင်ပိုင်းချင်းတို့ရဲ့ခေါင်ရည်

တစ်နေ့တော့ အခါအခွင့်သင့်တာနဲ့ ခေါင်ရည်လုပ်တာလေးကို လေ့လာဖြစ်ခဲ့ပါတယ်။ သူ့နည်းစနစ်နဲ့ သူကတော့ စိတ်ဝင်စားဖို့ ကောင်းသား။ ခေါင်ရည် စိမ်ဖို့ အိုးအနေအထားကတော့ အရွယ်အစားအမျိုးမျိုး ရှိပါတယ်။ တစ်ပြည်ဝင်တဲ့ အိုးကနေ ငါးပြည် ခြောက်ပြည်ဝင်တဲ့အိုး အထိအထိရှိပါတယ်။ ခေါင်ရည်လုပ်တဲ့အခါမှာ... ဆပ်နီတွေကို အရင်ဆုံး ထမင်းချက်သလိုချက်တာ တွေ့လိုက်ရတယ်။ ချက်လို့ပြီးတယ်ဆိုရင် ဆပ်နီတွေကို စကောထဲ ဖြန့်ပြီး အအေးခံထားရပါတယ်။ အအေးခံပြီးတဲ့ အခါ အချို့ကလည်း ပီနံအိပ်နဲ့ ထုတ်ပြီး အိမ်ရှေ့က ထုတ်တန်းမှာ တစ်ညအိပ်လောက် ချိတ်ဆွဲထားတတ်ကြပါတယ်။ ရေစစ်သွားစေဖို့ အတွက်လို့ ဆိုပါတယ်။

အအေးခံလို့ရလာတဲ့ ဆပ်နီတွေကို ခေါင်ရည် ဖောက်တဲ့ ဆေးလုံးနဲ့ ရောမွှေရတော့မှာပါ။ ဒီနေရာမှာတော့ နည်းနည်းလျှို့ဝှက်သွားပါပြီ။ ဖောက်ဆေးနဲ့ ဆပ်နီကို ရောသမတဲ့အခါ အိမ်ထဲက တံခါးတွေကို လုံအောင်လည်း ပိတ်ထားတတ်ကြပါတယ်။ အပြင်လူလည်း အဝင်မခံတော့ပါဘူး။ ဘာကြောင့်လဲဆိုရင် အပြင်လူဝင်တဲ့အခါ ခေါင်ရည်က အရသာ ပျက်သွားတတ်လို့ပါတဲ့။ ခေါင်ရည်က ချဉ်ရင်လည်း ချဉ်သွားတတ်ပါတယ်။ ခါးရင်လည်း ခါးသွားတတ်ပါတယ်။ ချင်းတွေရဲ့ အပြောအရတော့ ဖောက်ဆေးလုံးကို စလောင်းဖုံးပေါ်တင်ပြီး မီးအပူပေးကာ ချေပစ်ရတယ်လို့ဆိုပါတယ်။ ရလာတဲ့ ဆေးမှုန့်ကို အအေးခံထားတဲ့ ဆပ်နီနဲ့ ရောမွှေလိုက်ပါတယ်။ ပြီးတော့မှ ခေါင်အိုးထဲကို ထည့်သိပ်ပြီး အပေါ်ကနေ ပျဉ်ပြားအဝိုင်းလေးပိတ်ကာ အိုးကိုဖုံးပြီး လေလုံအောင် ပျားဖယောင်းတွေနဲ့ ပိတ်ထားတတ်ကြပါတယ်။

ဒီလို ထည့်သွင်းထားလိုက်တဲ့ ခေါင်အိုးတစ်အိုးဟာ ၃လလောက်ကြာမှ သောက်လို့ ဖြစ်ပါတယ်။ စောစောယူသောက်မိရင် အာနိသင်မရှိပါဘူး။ ၃လ အထက် နှစ်ပေါက်အောင် ထားနိုင်လေ

ခေါင်ရည်က တန်ဘိုးကြီးလာလေပါပဲ။ အချို့ဆိုရင် ၂ နှစ်လောက်အထိ ထားတာတောင် ရှိပါသေးတယ်။ နှစ်ချို့ ခေါင်ရည်ကိုတော့ ချင်းလူမျိုးတွေဟာ သူတို့လေးစားတဲ့သူ၊ ခွဲခွာနေရတာ ကြာပြီဖြစ်တဲ့ မိတ်ဟောင်းဆွေတွေ၊ ဆွေမျိုးသားချင်းတွေနဲ့ တွေ့ရကြုံရမှသာ အိုးကိုဖောက်ပြီး တိုက်ကြပါတယ်။

အဲသလို ခေါင်အိုးတစ်အိုးဟာ ၃ လလောက် ကြာတဲ့အချိန်မှာ အိုးထဲက ဆပ်နီတွေ အရည်ဖြစ်သွားတယ်လို့ ထင်ခဲ့မိတာပါ။ မဟုတ်ပါဘူး။ အဖတ်တွေပဲ ရှိနေတာပါ။ ခေါင်ကို သောက်တော့မယ် ဆိုမှ အိုးကိုဖွင့်ပြီး အိုးထိပ်မှာ သဘော်ရွက်လိုလို အရွက်မျိုးကို စို့ပိတ်ပါတယ်။ ပြီးတော့ ခေါင်အိုးထဲကို ရေလောင်းထည့်ပါတယ်။ ၂နာရီကျော်ကျော်လောက် ကြာတဲ့အခါ ထည့်လိုက်တဲ့ ရေတွေဟာ ခေါင်ဖတ်တွေနဲ့ ရောပြီး ခေါင်ရည်ဖြစ်သွားပါရော။ ပြီးတော့မှ ပိုက်လုံးလေးနဲ့ စုပ်ပြီး သောက်ကြပါတယ်။ ဒါမှမဟုတ်လည်း ပိုက်လုံးနဲ့ ခေါင်ရည်ကို စုပ်ထုတ်ပြီး ခွက်ထဲ ထည့်သောက်ကြပါတယ်။ အိုးထဲမှာ ထည့်ထားတဲ့ ရေကုန်သွားရင် ရေအသစ်ထပ်ထည့် ထပ်သောက်ပါပဲ။ အာနိသင်မကုန်မချင်း ရေထပ်ထည့်ပြီး သောက်နေလို့ရတဲ့ အမျိုးအစားပါ။ နောက်တုံးပိတ် ကျန်ရစ်ခဲ့တဲ့ ခေါင်ဖတ်တွေကတော့ ဝက်စာဖြစ်သွားပါရော။

ကျွန်တော့် အတွေ့အကြုံအရတော့ ပိုက်လုံးနဲ့ စုပ်သောက်တာ ပိုမူးတယ်ခင်ဗျ။ အဲဒီ ခေါင်ရည်အိုးမျိုးဟာ ချင်းအိမ်တစ်အိမ်မှာ အနည်းဆုံး ၃အိုးကနေ ၄အိုးအထိ ရှိပါတယ်။ မင်းတပ်လို မြို့မျိုးမှာ ရောင်းတဲ့ ခေါင်ရည်တွေကို ဝယ်မသောက်ဖို့ ရွာကလူတွေက ပြောပါသေးတယ်။ အစစ် မဟုတ်ပါဘူးတဲ့။ ဆေးရွက်ကြီးတွေ ထည့်တတ်တယ်၊ သကြားရည်တွေ ထည့်တတ်တယ်တဲ့။ သူတို့ ရွာတွေမှာ ရှိတာမျိုးကတော့ ခေါင်စစ်စစ်ပါပဲတဲ့ ခင်ဗျာ။ ဟုတ်လဲ ဟုတ်ပါတယ်။ ကြိုက်သလောက်သောက် မနက်အိပ်ရာထရင် လူကို လန်းဆန်းနေတာပါပဲ။ အေးတဲ့အရပ်ဒေသတွေမှာ ဝမ်းချုပ်သလို ဖြစ်ရင် ခေါင်ရည်သာ သောက်လိုက် ဝမ်းကို မှန်နေစေရပါမယ်။ နောက်ပြီး ခေါင်ရည်မူးတာလေးကလည်း ယဉ်သဗျ။ အရှိန်ကို လျှော့မသွားပါဘူး ကြာလေ တက်လေ၊ ကြာလေ တက်လေပါပဲ။



ခေါင်ရည်အိုးအလွတ်များ



ကဗျာဆန်ဆန် ခေါင်သောက်နေတဲ့ဟန်

## သစ်ခွပန်းတို့ ပွင့်ပေါ်ချိန်

ဆောင်းရာသီ ရောက်လာပြီဆိုရင် သစ်ခွတို့ လှိုင်လှိုင်ပေါ်ပါပြီ။ သစ်ခွပေါ်တဲ့ အချိန်များ ရောက်လာရင် ချင်းလူမျိုးတွေ ပျော်တတ်ကြတယ်။ ဒီအချိန်တွေဟာ သူတို့အတွက် တောင်ယာလုပ်ငန်း အားလပ်ချိန်တွေလည်း ဖြစ်နေတတ်ပါတယ်။ ချင်းတောင်တန်းကြီးက ထွက်ပေါ်လာတဲ့ သစ်ခွတွေဟာ ဆေးဖက်ဝင် ဈေးကောင်းရတဲ့အတွက် တရုတ်လူမျိုးများ မျက်စိကျစရာတစ်ခု ဖြစ်ခဲ့ရပါပြီ။ အဲဒီအခါမှာ

ချင်းတောင်တန်းကြီးဆီသို့ သစ်ခွပန်း လာဝယ်သူများ ရောက်ရောက် လာတတ်ကြပါတယ်။ မင်းတပ်မြို့မှာတင် အဝယ်ဒိုင်တွေ အလျှိုလျှို ပေါ်လာတတ်ပါပြီ။

အနီလုံး၊ ရိုးရှည်၊ ခရု၊ ပုလဲ စတဲ့ သစ်ခွပန်းဉတွေဟာ တစ်ပိဿာဆိုရင် ဆိုသလောက် ဈေးအတော်ကောင်းပါတယ်။ အောက်ထစ်ဆုံး တစ်သောင်းကျော်တော့ ရမှာပါပဲ။ ဒီလို ပန်းဉပေါ်တဲ့ ရာသီမှာ များများလေး ရှာထားနိုင်မှ ချင်းလူမျိုးတွေအတွက် ငွေလေးနည်းနည်းပါးပါး ရွှင်ပြီး အဝတ်အစား၊ အိမ်အသုံးအဆောင် စတာတွေကို ဝယ်နိုင်တော့မှာပါ။ ဒီလိုမှ မဟုတ်ရင် တံမြက်စည်း လုပ်ရောင်း၊ ပလိုင်းယက်ရောင်းနဲ့ ငွေရဖို့ လမ်းက အတော်လေးခက်ခဲပါတယ်။ အဲဒီအတွက် လွယ်လွယ်ကူကူ ငွေရနိုင်မယ့် ပန်းဉရှာတဲ့အလုပ်ကို ချင်းလူမျိုးတွေ သဲကြီးမဲကြီး လုပ်တော့တာပေါ့။

ဒီလို ပန်းဉပေါ်တဲ့ ရာသီတွေများရောက်ရင် ဟိုးဘက်တောင်ကြောမှာ မီးလေးတွေလင်း၊ ဒီဘက်တောင်ကြောမှာ မီးလေးတွေလင်းနဲ့ ပျော်တော့ ပျော်စရာပါပဲ။ အဖွဲ့လိုက် တောထဲမှာ နှစ်ည သုံးညအိပ်ပြီး ပန်းဉရှာကြတာပါ။ ရောက်တဲ့နေရာမှာ မီးဖိုပြီးအိပ်တဲ့အတွက် မီးရောင်လေးတွေ ဟိုနေရာ တစ်ကွက် ဒီနေရာတစ်ကွက် တွေ့နေရခြင်းဖြစ်ပါတယ်။

ပန်းဉရှာတဲ့ အလုပ်ဟာ ထင်သလောက်တော့ မလွယ်ကူပါဘူး။ မြင့်မားတဲ့ တောင်တန်းကြီးတွေပေါ်မှာ အပင်ကြီးတွေက မြင့်မြင့်၊ လေကတိုက်တိုက်နဲ့ဆိုတော့ အန္တရာယ်တော့ များသား။ ပန်းဉဆိုတာမျိုးကလည်း အပင်ကြီးတွေရဲ့ ကိုင်းဖျားပေါ်မှာပဲ ရှိတတ်တော့ အပင်ပေါ် တက်ခူးကြရတာများပါတယ်။ တစ်ခါတစ်ခါ ခြေချော်လက်ချော် ပြုတ်ကျတာတွေလဲ ရှိတတ်တယ်။ ပြုတ်ကျရင်တော့ မလွယ်ကြောပဲ ခင်ဗျာ။ အောက်မှာက ချောက်ကမ်းပါးတွေ...။ အသက်နဲ့ ရင်းပြီး ရှာရဖွေရတာပါပဲ။ အဲဒီတော့ ချင်းလူမျိုးတွေက ဘယ်လို လုပ်တတ်သလဲဆိုရင်.. အပင်တစ်ကို ကြည့်လိုက်တယ်၊ ဒီအပင်က ပန်းဉဘယ်လောက် ရနိုင်မလဲဆိုတာ တွက်ပြီး၊ နှစ်ပိဿာ သုံးပိဿာလောက်များ ရနိုင်မယ်ဆိုရင် အပင်အမြင့်ကြီးပေါ် တက်မနေတော့ပါဘူး။ အပင်လိုက် ခုတ်ချတော့တာပါပဲ။ ပြီးမှ အေးအေးဆေးဆေး ပန်ဉခူးတော့တာပေါ့။

ချင်းလူမျိုးတွေဆိုတာ ကလေးပေါက်စလေးထဲက ဓားကိုင်ပြီး အပင်ခုတ်နေတဲ့ လူမျိုးဆိုတော့ အပင်တစ်ပင် ခုတ်ဖို့ဆိုတာ ဝန်လေးတာ မဟုတ်ဘူး။ ဘာမှလည်း တွက်နေတာ မဟုတ်ဘူး။ ဝုန်းကနဲ ဒိုင်းကနဲ ခုတ်ချပစ်လိုက်တာ။ အဲသလို အပင်ခုတ်တာတွေ သိပ်များလာတဲ့အခါ... ဘာဖြစ်လာသလဲဆိုရင် အခုနောက်ပိုင်း ပန်းဉရှာဖို့ ခက်လာပြီလေ။ သစ်ပင်ကြီးတွေ အတော်လေး ရှားလာတဲ့နောက် ပန်းဉတွေရဖို့နေရာက သိပ်မလွယ်တော့ပါဘူး။ ဆက်ပြီး တွေ့လိုက်ရရင် အတော်ကြီးကို မလွယ်တော့တာပါ။ ဒီလို သစ်ပင်ကြီးတွေသာ များများခုတ်နေမှုဖြင့် ကြာလာရင် ချင်းတောင်တန်းကြီးမှာ တောပြုန်းတော့မယ်။ တောပြုန်းရင် တောင်ကျရေ ရှားတော့မယ်။ ရေမရှိတော့တဲ့နောက် ချင်းလူမျိုးတွေ ဒီနေရာ ဒီဒေသမှာ ရပ်တည်နေထိုင်ဖို့ ခက်သွားတော့မှာ။ နားလည်တဲ့ တတ်သိတဲ့ သူများက အကျိုးအကြောင်း စုံစုံလင်လင်နဲ့ ရှင်းပြကြသော်လည်း...။ အကြားအမြင် ဗဟုသုတ ချို့တဲ့ရှာကြတဲ့အတွက် ရှေ့ရေးကို မတွေးတတ်ကြပါဘူး။ ယခုလက်ရှိ အသက်ရှုချောင်ဖို့ အရေးကိုသာ အာရုံစိုက်နေကြတော့တာပါပဲ။

---

## ချင်းလူမျိုးတို့ရဲ့ ကျန်းမာရေး

မြို့နဲ့ အလှမ်းဝေးနေတဲ့ ချင်းရွာတွေကို ကြည့်လိုက်ရင် ကျန်းမာရေး ဆေးပေးခန်းတို့၊ ကျန်းမာရေးမှူးတို့ဆိုတာ တွေ့ရခဲပါတယ်။ ကျွန်တော် ရောက်ခဲ့တဲ့ ရောင်လောင်းရွာမှာဆိုရင် ကျန်းမာရေး

ဆေးပေးခန်းတော့ ရှိပါတယ်။ ဒါပေမယ့် ကျန်းမာရေးမှူးကတော့ တွေ့ကို မတွေ့ခဲ့ပါဘူး။ ၃လ ၄လနေမှ ရွာကို တစ်ခါလာတတ်တယ်လို့ သိရပါတယ်။ များသောအားဖြင့် ရွာသားတွေ နေမကောင်း ထိုင်မသာဖြစ်တဲ့အခါ ရွာမှာရှိနေတဲ့ ဦးဇင်းကပဲ ဆေးပေး ဆေးထိုး လုပ်ပေးရတာပါ။ ရွာသားထဲက ၁၀တန်းလောက် တက်ဖူးတဲ့သူတွေကလည်း ဆေးထိုး ဆေးပေးလောက်တော့ သင်ထားကြတာ တွေ့ခဲ့ရပါတယ်။

တစ်ခုတော်တာက ချင်းလူမျိုးတွေမှာ ရောဂါကြီးကြီးမားမား ဖြစ်တယ်ဆိုတာ အတော်ရှားပါတယ်။ ကျန်းမာရေး အတော်ကောင်းကြတယ် ခင်ဗျ။ သာမန်ဖျားတာနာတာလောက်ပဲ အဖြစ်များကြတယ်။ အရင်းစစ်ကြည့်တော့ အစားအသောက်ပဲ ခင်ဗျ။ အစားအသောက်ဆန်းဆန်းပြားပြား မစားရတာလဲ ပါတယ်။ ဆီကောင်းကောင်း မစားရတာလဲပါတယ်။ အဲဒီအတွက် သူတို့မှာ ရောဂါဆန်းဆန်းတွေ ဖြစ်တာ ရှားသွားပါပြီ။

သေလုမျောပါ ဖြစ်လာတဲ့အခါ သူတို့တွေ ရောဂါဘယ်လို ကုကြသလဲဆိုတာ လေ့လာကြည့်ဖူးတယ်။ ဆန်းတယ်ပဲ ပြောရမလား၊ နောက်ကျတယ်ပဲ ပြောရမလား။ ရိုးရာနတ် ကိုးကွယ်သူတွေဆိုတော့ ရောဂါတစ်ခုဖြစ်လာရင် နတ်ကြောင့်ပဲ ယူဆကြတာများပါတယ်။ အဲဒီတော့ နတ်ကို ဦးတည်ပြီး ရောဂါကုကြတော့တာပါပဲ။ တော်ရုံအဖျားလောက်ကတော့ ကြက်ဥတစ်လုံးကို ဝါးတိုင်လေးပေါ်တင်ပြီး နတ်ကို ပူဇော်တယ်။ နည်းနည်းပြင်းထန်လာရင် ကြက်သတ်ပြီး ပူဇော်တယ်။ ကြက်မွေးကို မီးရှို့တယ်။ ကြက်ရဲ့ နှုတ်သီးဖျားလေးတွေ အရေခွံအဖျားလေးတွေကို နတ်ပူဇော်တယ်။ ကျန်တာကတော့ သူတို့ပဲ စားလိုက်တာပါပဲ။

ရောဂါအတော်ကြီးမားလာရင်တော့ ဝက်သတ်၊ နွားနောက်သတ် လုပ်တော့တာပါပဲ။ အဲဒီနေရာမှာတော့ ချင်းလူမျိုးတွေရဲ့ လုပ်ပုံကိုင်ပုံကို ဘဝင်မကျလှပါဘူး။ ရက်စက်တယ်ပဲ ဆိုရမလား...။ အိပ်ရာက မထနိုင်တဲ့ လူမမာကို ဝက်သတ်ခိုင်းတယ် ခင်ဗျ။ သတ်ပုံသတ်နည်းလေးကလည်း ယဉ်သဗျာ။ အိပ်ရာထဲ လဲနေတဲ့ လူမမာကို မြားတံကိုင်ခိုင်းတယ်။ ဘေးနားကတစ်ယောက်က လေးကို တင်ပေးတယ်လေ။ ပြီးတော့ တိုင်မှာချည်ထားတဲ့ ဝက်ကို ပစ်ခိုင်းလိုက်တာပါပဲ။ လူမမာတစ်ယောက်ရဲ့ အားဆိုတာ သိတဲ့အတိုင်းပါပဲ။ ဝက်က ဘယ်မှာ သေပါ့မလဲ။ အဲဒီတော့မှ ကျန်တဲ့လူတစ်ယောက်က ဝက်ကို မသေမချင်း မြားတံနဲ့ ထိုးသတ်တော့တာပါပဲ။ အဲဒါ ချင်းတွေရဲ့ ရောဂါကုနည်းတစ်ခုပါ။ အခုနောက်ပိုင်းတော့ အကောင်ကြီးတွေ သတ်တဲ့အစဉ်အလာက ရှားသွားပါပြီ။ ကြက်မွေး မီးရှို့တာလောက်၊ ကြက်ဥတင်တာလောက်ပဲ ရှိပါတော့တယ်။



မကျန်းမာသူအတွက် ကြက်၊ ကြက်ဥတို့ဖြင့် နတ်ပူဇော်ဖို့ ပြင်ဆင်နေစဉ်

## ချင်းလူမျိုးတို့ရဲ့ မင်္ဂလာပွဲ

အခါအခွင့်ကြုံလို့ ချင်းမင်္ဂလာပွဲလေး တစ်ပွဲတော့ ကြုံခဲ့ရပါသေးတယ်။ ထူးထူးခြားခြားတော့ သိပ်မရှိပါဘူး။ ကျွေးတာမွေးတာကတော့ တောဓလေ့အတိုင်း ဝက်သားဟင်းနဲ့ ထမင်းပဲပေါ့။ အမြင်ဆန်းတာက သတို့သမီးလုပ်သူမှာ ကိုယ်ဝန်ကြီးနဲ့ ခင်ဗျာ။ ချင်းလူမျိုးတွေဟာ မင်္ဂလာဆောင်တာ နောက်ကျတတ်တယ် ထင်ပ။ ချင်းအမျိုးသမီးလေး တစ်ယောက်ဟာ သူနှစ်သက်တဲ့ ယောကျ်ားလေးကို တွေ့ရင် ယောကျ်ားလေး အိမ်မှာ သွားနေတတ်ကြတာမျိုး ရှိပါတယ်။ နောက်ပိုင်း ကိုယ်ဝန်တွေဘာတွေရရင် ယောကျ်ားလေးရဲ့ မိဘများက သူတို့အိမ်မှာ မီးဖွားခွင့် ပေးပါတယ်။

နောက်ပြီး.. ချင်းလူမျိုးတွေမှာ မိန်းကလေးနဲ့ ယောကျ်ားလေးကို ယှဉ်လိုက်ရင် ယောကျ်ားလေးကို တန်ဘိုးထားတတ်ကြတာ များပါတယ်။ အိမ်ထောင်စု တစ်ခုမှ ယောကျ်ားလေးက ဩဇာ အရှိဆုံးပါ။ အမွေဆက်ခံပိုင်ခွင့်တွေ ဆိုရင်လည်း မိန်းကလေးကို ထည့်မတွက်တတ်ပါဘူး။ ယောကျ်ားလေးကိုသာ ဦးစားပေးလိုက်ကြပါတယ်။ သို့သော်.. ဒီလို အခွင့်အရေးတွေကို ယောကျ်ားလေးတွေက အရများသော်လည်း ချင်းယောက်ျားလေး တစ်ယောက်အတွက် အိမ်ထောင်ပြုရတာ အတော်လေး ခက်တယ်လို့ ဆိုရမလားပဲ။ မိန်းကလေးတစ်ယောက်ကို ရဖို့အတွက် အကုန်အကျ များပါတယ်။ တောင်းယူရတာလည်း မလွယ်ပါဘူး။

ယောကျ်ားလေး တစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကို တောင်းတဲ့အခါ မိန်းကလေးဘက်က မိဘတွေရဲ့ မျိုးရိုးကို လိုက်ပြီး တောင်းယူရတယ်လို့ဆိုပါတယ်။ မိန်းကလေးရဲ့ အမေကို မိန်းကလေးရဲ့အဖေ တောင်းယူခဲ့စဉ်အချိန်က နွားနောက် ၅ကောင်ဆိုရင်၊ သူတို့သမီးကိုလည်း နွားနောက် ၅ကောင်နဲ့ တောင်းယူရပါတယ်။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ မိန်းကလေးရဲ့ ဦးလေးတွေ၊ မောင်နှမသားချင်းတွေကို ဓားက ဘယ်နှလက် ကြက်က ဘယ်နှကောင်ဆိုတာ ရှိပါသေးတယ်။ အခုနောက်ပိုင်းတော့ နွားနောက် အစား ငွေနဲ့တင်တောင်းတာတွေတောင် ရှိလာခဲ့ပါပြီ။

အဲဒီလို မိန်းကလေးကို တောင်းယူရတဲ့ နေရာမှာ နည်းနည်းပြုံးမိတာလေး တစ်ချက်ရှိပါသေးတယ်။ မိန်းကလေးကို အကြွေးနဲ့ တောင်းယူတာပါ။ အချို့မိန်းကလေး မိဘတွေကလည်း လက်ခံကြတာ တွေ့ဖူးပါရဲ့။ ကျွန်တော် ရောက်ခဲ့တဲ့ ရွာမှာဆိုရင် မိသားစု တစ်စုမှာ ကလေးတွေ ၅ယောက် ၆ယောက် ရနေပါပြီ။ မိန်းကလေးကို တင်တောင်းတဲ့ အကြွေးက မကျေသေးဘူးတဲ့ ခင်ဗျာ။ နည်းနည်းချင်းဆီ ဖဲ့ဆပ်နေပုံရတယ်။ သူတို့ဓလေ့နဲ့ သူတို့တော့ ဟုတ်နေတာပါပဲ။

## ချင်းတို့ရဲ့ နာရေးတစ်ခု

ချင်းလူမျိုးတွေရဲ့ နာရေးကတော့ စိတ်ဝင်စားစရာ အတော်ကောင်းပါတယ်။ အများနဲ့မတူ တမူထူးခြားတယ် ဆိုရမလားပဲ။

တစ်နေ့တော့ ရွာထဲမှာ သေနပ်သံတွေ တဒိုင်းဒိုင်း ကြားလိုက်ရတယ်။ ဘာများဖြစ်သလဲပေါ့။ နည်းနည်းတော့ လန့်သွားတယ် ခင်ဗျ။ ပြီးတော့မှ သိလိုက်ရတာက လူသေလို့ သေနပ်ဖောက်တာတဲ့ဗျာ။ သေနပ်ဖောက်ရခြင်းအကြောင်းကလည်း ချင်းရွာတွေမှာဆိုရင် တစ်အိမ်နဲ့ တစ်အိမ် အလှမ်းဝေးတာလည်းပါတယ်၊ အချို့ဆိုရင် ရွာထဲမှာ လူမရှိပဲ တောင်ယာဘက်ကို ရောက်နေတတ်ကြတယ်လေ။ ဒီတော့ အဝေးရောက်နေတဲ့ လူတွေကို အကြောင်းကြားတဲ့ အနေနဲ့ သေနပ်ဖောက်လိုက်တာပါပဲ။ သေနပ်သံကြားရင် ဘာဖြစ်တယ်ဆိုတာ ချင်းတွေ သိကြတယ်။ သေနပ်သံကြားလိုက်တာနဲ့ ပြေးလာကြတော့တာပါပဲ။

နာရေးဖြစ်တဲ့ အိမ်ကိုရောက်လာရင် သူတို့တွေ စီစဉ်စရာရှိတာကို စီစဉ်ကြတယ်။ လူငယ်တွေကို လူကြီးတွေက တာဝန်ခွဲပေးလိုက်ပါတယ်။ ဘယ်သူက ထင်းတွေလိုက်ခုတ်၊ ဘယ်သူကတော့ ရပ်ဝေးရွာတွေက ဆွေမျိုးတွေကို အကြောင်းကြားဖို့ ခရီးထွက်။ ဘယ်သူကတော့ နာရေးအိမ်မှာ ကူညီလုပ်ကိုင်ပေး စသည်ဖြင့်ပေါ့။ ချင်းတွေမှာ တစ်ခုတော်တာက လူကြီးတွေစကားကို လူငယ်တွေ နားထောင်ကြတယ်။ လူကြီးတွေ ညွှန်ကြားကို လူငယ်တွေ နာခံကြတယ်။

နာရေးအိမ်မှာ ညရောက်လာပြီဆိုရင် အိမ်ဘေးပတ်ပတ်လည်မှာ ထင်းရှူးဆီတွေ မီးရှို့ပြီး လင်းထိန်နေအောင် လုပ်ထားတယ်။ သိပ်မကြာပါဘူး ခေါင်းရည်တွေသောက်ကြ၊ မူးလာတဲ့အခါ ဘာများလုပ်ကြသလဲဆိုရင် ကြေးမောင်းတွေခေါက် ဗုံတွေတီးပြီး ကကြတော့တာပါပဲ။ ဘယ့်နှယ့် ဟာကြီးလဲပေါ့ဗျာ။ သူများတွေ ဝမ်းနည်းနေတဲ့အချိန် ဒီလူတွေ ကရသလားပေါ့။ သူတို့အဖြေကလည်း ဟုတ်တုတ်တုတ်ရယ်။ နာရေးရှင်တွေ ဝမ်းနည်းမှာစိုးလို့ ပျော်အောင် ကကြတယ် ဆိုတာပါပဲ။ ဒီလိုနဲ့ ညသန်းခေါင်လောက် ရောက်တော့ လူတွေ အိပ်ငိုက်ကုန်ကြပါပြီ။ ဒီအချိန်မှာ သေနပ်သံတဒိုင်းဒိုင်း ထပ်ကြားလိုက်ရ ပြန်ပါတယ်။ အိပ်ငိုက်နေတဲ့လူတွေ အကုန်လန့်နိုးရောပဲ။ အမှန်တော့ အိပ်ငိုက်နေတဲ့ လူတွေကို အိပ်ချင်ပြေအောင် သေနပ်ဖောက်လိုက်တာပါ။ တစ်ညလုံး အိပ်ငိုက်လိုက်ကြ၊ ဗသေနပ် ဖောက်လိုက်ကြနဲ့ ချာလပတ်ကို လည်နေတာပါပဲ။

နောက်နေ့တွေရောက်တော့ ရပ်ဝေးက ဆွေမျိုးတွေ ရောက်လာကြပါတယ်။ ဆွေးမျိုးတွေ လာတဲ့အခါမှာ ရွာအဝင်အဝမှာထဲက သေနပ်သံကြားနေရပါတယ်။ သူ့တို့ ရောက်လာတဲ့ အကြောင်း သေနပ် ဖောက်လိုက်တာပါ။ ဒီဘက် နာရေးအိမ်ကလည်း သိလိုက်ပါပြီ။ ဆွေမျိုးတွေ ရောက်လာကြတယ်ပေါ့။ အသိအမှတ်ပြုတဲ့အနေနဲ့ နာရေးအိမ်ဘက်ကလည်း သေနပ် ထပ်ဖောက်လိုက်ပါတယ်။ ဒီလိုနဲ့ ဆွေမျိုးတွေ စုံပြီဆိုရင် နာရေးကို အဆုံးသတ်လိုက်တော့တယ်။ တစ်နေ့က လူငယ်တွေကို ထင်းရှာခိုင်းထားတာဟာ အမှန်တော့ အလောင်းကို မီးရှို့ဖို့အတွက်ပါ။ ချင်းလူမျိုးတွေဟာ အလောင်းကို မြေမြှုပ်တဲ့ ဓလေ့မရှိပါဘူး။ မြေမြှုပ်ဖို့ မလွယ်ကူတာလဲ ပါမှာပါ။ မြေအနိမ့်အမြင့် မညီညာတဲ့ အရပ်ဒေသ၊ တောင်စောင်းတွေမှာ ရွာတည်နေရတဲ့ လူမျိုးတွေဆိုတော့ အလောင်းကို မီးရှို့လိုက်တာပဲ အဆင်ပြေပါတယ်။ နာရေး ပြီးသွားပြီဆိုရင် နာရေးရှင်တွေ အဆင်ပြေအောင် ထပ်ပြီး စီစဉ်ကြပါသေးတယ်။ ရွာထဲက လူငယ်တွေကို နာရေးအိမ်မှာ တစ်ပတ်တန်သည် နှစ်ပတ်တန်သည် အိပ်ဖို့ ထပ်စီစဉ်လိုက်ကြပါသေးတယ်။ နာရေးရှင်များ အားမငယ်စေဖို့ အတွက်ပါ။

## ချင်းလူမျိုးတို့၏ နေထိုင်မှုဘဝ

အချို့သောသူများက ပြောကြတယ် ချင်းလူမျိုးဆိုတာ ပျူလူမျိုး အဆက်အနွယ်တွေပါတဲ့။ ဒီအကြောင်းကို သေသေချာချာ မသိရသော်လည်း တစ်ခု တွေးတောစရာရှိတာက ချင်းလူမျိုးတွေမှာ ဖခင်ရဲ့ နာမည်ကို အဓိကထားကြတာတွေရပါတယ်။ ဥပမာအားဖြင့်... ဦးဟုန်းငိုင်းရဲ့ သားသမီးတွေဟာ ငိုင်းထန်း၊ ငိုင်းယောင်၊ ငိုင်းလွေ၊ ဦးထန်းတန်ရဲ့ သားသမီးတွေဟာ တန်လောဟာ၊ တန်ဘူတီး၊ တန်ထန်း စသည်ဖြင့် ဖခင်နာမည်ရဲ့ နောက်ဆုံး စာလုံးကို ယူသုံးရတဲ့ အစဉ်အလာရှိပါတယ်။ သမိုင်းကို ပြန်ကြည့်တဲ့အခါ ပျူစောထီးရဲ့သားဟာ ထီးမင်းယင်၊ ထီးမင်ယင်ရဲ့သားဟာ ယင်မင်းပိုက်၊ ယင်မင်းပိုက်ရဲ့ သားဟာ ပိုက်သေလည် စသဖြင့်ပေါ့ ခင်ဗျာ။ နောက်.. ပျူလူမျိုးများ ဝတ်စားဆင်ယင်သကဲ့သို့ ပုတီးဆွဲတဲ့ဓလေ့၊ နားကွင်းကြီးတွေ ပန်ဆင်တဲ့ ဓလေ့၊ လက်ကောက်တွေဝတ်ဆင်တဲ့ ဓလေ့။ သီချင်းဆိုတဲ့ အခါများမှာလည်း အများနဲ့မတူ ကဗျာရွတ်သလိုလို၊ စာရွတ်သလိုလိုနဲ့ လေးတိလေးကန် သီချင်းဆိုတတ်ကြပါသေးတယ်။

ဗေဒင်ယုံကြည်တဲ့ နေရာမှာလည်း နှစ်ယောက်မရှိ၊ ဗေဒင်ကို အသေအလဲယုံကြည်တဲ့ လူစားမျိုးလို့ ပြောလို့ရပါတယ်။ နေမကောင်း ထိုင်မသာဖြစ်ရင်လည်း ဗေဒင်မေး၊ ခရီးသွားတော့မယ်ဆိုရင်လည်း ဗေဒင်မေး။ သူတို့ယုံကြည်တဲ့ ဗေဒင်ဆရာက ဒါလုပ်ဆိုရင် တကယ်ကို လုပ်တတ်ကြပါတယ်။ ဗေဒင်ကိုသာ ယုံတာ ကိုယ့်သားသမီးရဲ့ မွေးလ မွေးရက်တော့ မသိကြတာများပါတယ်။ ဒီကလေးက အသက်ဘယ်လောက်ရှိပြီလဲ၊ ဘယ်တုံးက မွေးတာလဲဆိုရင် 'ဟိုဘက်တောင်ယာ ခုတ်တဲ့နှစ်က မွေးတာ၊ ဒီဘက်တောင်ယာ ခုတ်တဲ့နှစ်က မွေးတာ' စသည်ဖြင့် ဖြေတတ်ကြပါတယ်။ သူတို့ဆီမှာ ရွှေ့ပြောင်းတောင်ယာစနစ်က ထွန်းကားလေတော့ တောင်ယာခုတ်တဲ့နှစ်ကို အသေမှတ်ထားပုံရပါတယ်။ ဒါပေမယ့် တစ်ခု ထူးဆန်းတာက ချင်းတွေရဲ့ အိမ်ရှေ့မှာ ချိတ်ထားတတ်တဲ့ သူတို့ တောလိုက်တဲ့အခါ ရခဲ့တဲ့ သားကောင်တွေရဲ့ ခေါင်းတွေပါ။ ဒီ တောဝက်ခေါင်းက ဘယ်နှစ်ခုနှစ်ကရတယ်။ ဒီ ဝက်ဝံခေါင်းကတော့ ဘယ်တုံးက စသည်ဖြင့် အတိအကျပြောနိုင်တယ် ခင်ဗျာ။

ချင်းလူမျိုးတွေမှာ အားနည်းချက် တစ်ခုရှိတာက ကိုယ့်အစုအဖွဲ့နဲ့ကိုယ် နေတတ်ကြတာများပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ ရောင်လောင်းရွာမှာတင် လူမျိုးနွယ်က ၅မျိုး ကွဲနေတယ်လို့ ဆိုပါတယ်။ ချင်းလူမျိုးထဲမှာတောင် အမျိုးကွဲတွေ အတော်များသား ခင်ဗျ။ လူမျိုးမတူရင် မေးထူးခေါ်ပြောလောက်ပဲ ရှိတတ်ပါတယ်။ သိပ်ပြီး ရင်းရင်းနှီးနှီး နေလေ့မရှိပါဘူး။ ရောင်လောင်းရွာကနေ ထီးလင်းမြို့ဘက်ကို သွားတဲ့အခါ 'ရမ်းလောင်း' ဆိုတဲ့ ရွာတစ်ရွာရှိပါတယ်။ အဲဒီရွာဟာ အိမ် ၅၀ရှိတာပါ။ အဲဒီတော့ ရောင်လောင်းရွာက လူတွေက သူတို့ရွာမှာ ပူးပေါင်းနေဖို့ ခေါ်ပါတယ်။ ရမ်းလောင်းရွာက လာမပူးပေါင်းဘူး ခင်ဗျာ။ ကိုယ့်ဘာသာကိုယ် နေတာပါပဲ။

ချင်းလူမျိုးတွေ သားသမီးကို ပြုစုပျိုးထောင်တဲ့နေရာကို ကြည့်လိုက်တော့ ယဉ်တယ်ဆိုရမလားပဲ။ လမ်းမလျှောက်တတ်ခင်အချိန်တော့ မိခင်ရင်ခွင်ထဲမှာ စောင်ထုတ်လေးနဲ့ပေါ့။ နည်းနည်းလေး လမ်းလျှောက်တတ်ပြီးဆိုရင်တော့ အစ်ကိုတွေ အစ်မတွေ လက်ထဲ လွှတ်ထားပေးလိုက်ပါရောဗျာ။ မိဘတွေ တောင်ယာသွားတဲ့ အချိန်များဆိုရင် ကလေးတွေသာ အိမ်မှာ ကျန်နေခဲ့တာ များပါတယ်။ စားဖို့သောက်ဖို့အတွက် ၅နှစ်သား ၆နှစ်သားလောက်ရှိတဲ့ အကြီးဆုံး အစ်ကိုအစ်မတွေက ထမင်းချက်ပဲ။ ကျန်တဲ့ ပိစိလေးတွေကတော့ လေးဂွတစ်ခုနဲ့ ဟိုဟာပစ် ဒီဟာပစ်၊ ခွေးကိုင်ပြီး

ဟိုဟာခုတ် ဒီဟာခုတ်ပဲ။ အကြောက်အလန့်လဲ ဘာမှမရှိ။ မိဘတွေကလည်း ကလေးတွေကို အသားလေး ကြည့်နေတတ်တာများပါတယ်။ အမြင်မတော်လို့ ပြောတယ်ဆိုတယ်ဆိုတာ ရှားရှားပါးပါးပဲဗျို့။





## ချင်းရိုးရာခေါင်ပွဲတော်

ခေါင်ပွဲတော်ဆိုတာ ချင်းလူမျိုးတွေ အကြီးကျယ်ဆုံးပြုတဲ့ အလှူပွဲတစ်ခုပါ။ ချင်းလူမျိုးတွေရဲ့ အိမ်ရှေ့တွေမှာ ကြည့်လိုက်ရင် တိုင်လေးတွေစိုက်ပြီး ပန်းကန်ပြားလေးတွေကို ဖောက်စွပ် ထားတတ်ကြပါတယ်။ ပန်းကန်ပြား တစ်ချပ်စွပ်ထားရင် ခေါင်ပွဲတစ်ပွဲ၊ နှစ်ချပ်ဆိုရင် နှစ်ပွဲပေါ့။ ခုနစ်ချပ်ဆိုရင်တော့ အမြင့်ဆုံးအဆင့်ကို ရောက်သွားပါပြီ။ ခေါင်ပွဲခုနစ်ပွဲလောက် လုပ်ဖူးတဲ့သူဟာ အတော့်ကို ဂုဏ်ရှိတယ်လို့ သတ်မှတ်ကြပါတယ်။ သူတို့လူမျိုးတွေရဲ့ကြားမှာ မျက်နှာ အပွင့်ဆုံးပေါ့ ခင်ဗျာ။ တိုင်စိုက် ပန်းကန်ပြာဖောက်စွပ်တာထက် ပိုပြီး ကျောက်ဖျာထပ်တဲ့ ဓလေ့မျိုးလည်း ရှိတတ်ပါသေးတယ်။

ချင်းပြည်နယ်ရဲ့ အသာယာဆုံးအချိန်တွေဖြစ်တဲ့ ဆောင်းအနှောင်း နွေအကူးလောက် ရောက်လာပြီဆိုရင် ချင်းလူမျိုးတွေဟာ ခေါင်းပွဲလုပ်ဖို့ စိတ်ကူးယဉ်ကြပါတယ်။ တောင်ယာ စိုက်ခင်းတွေမှာ သီးနှံအထွက်ကောင်းရင် ကောင်းသလို ခေါင်ပွဲတစ်ပွဲပေါ်ပေါက်လာဖို့ အားသာလာပါပြီ။ ခေါင်ပွဲဆိုတာမျိုးက ချင်းလူမျိုးတစ်ဦးအတွက် အကုန်အကျများတယ် ဆိုရမလာပဲ။ ခေါင်ပွဲမှာ နွားနောက်

သတ်ရပါတယ်၊ ခေါင်ရည်အိုး ၅၀၊ ၆၀ အထက်ကို လုပ်ရပါတယ်၊ အကျွေးအမွေးအတွက် ဆပ်ဝါတို့ ဆန်တို့ကိုလည်း အသုံးချရပါတယ်။

ရွာတစ်ရွာမှာ ခေါင်ပွဲတစ်ပွဲ ရှိတော့မယ်ဆိုရင် အနီးအနားက ရွာတွေမှာလည်း ဒီခေါင်ပွဲ လုပ်မယ့်အကြောင်းကို ပြောလို့မဆုံးတော့ပါဘူး။ လူကြီးတွေလည်း ကြိုပြီးပျော်ကြ၊ လူငယ်တွေလည်း ကြိုပြီးပျော်ကြပေါ့။ လူငယ်တွေဆိုရင် ခေါင်ပွဲကို သွားဖို့အတွက် အဝတ်အစားကြိုပြီး စုဆောင်းတဲ့သူက စုဆောင်းကြပါတယ်။ ခေါင်ပွဲမှာ ဟိုဘက်ရွာ ဒီဘက်ရွာက ကောင်လေးတွေ ကောင်မလေးတွေ လာကြတော့မှာကို ခင်ဗျ။ ခေါင်ပွဲလုပ်မယ့် ရွာမှာဆိုရင်လည်း ကြိုတင်ပြီး ဆန်ဖွတ် မောင်းထောင်း နေသူတွေက ထောင်းနေကြပါပြီ။ ခေါင်အိုး စိမ်တဲ့သူတွေကလည်း စိမ်နေကြပါပြီ။ ခေါင်ပွဲအတွက် ၃လ ၄လလောက်ထဲက ကြိုတင်ပြင်ဆင်နေကြရတာပါ။

ခေါင်ပွဲလုပ်မယ့် နေ့ကိုမရောက်ခင် တစ်ရက်လောက်ကြိုပြီး ဧည့်သည်တွေ ရောက်လာ တတ်ပါပြီ။ ဒီအချိန်မှာပဲ ခေါင်ပွဲလုပ်မယ့် အလှူရှင်က တောထဲဝင်ပြီး ခရင်းခွပုံစံရှိတဲ့ သစ်ကိုင်း ခပ်ကြီးကြီး တစ်ကိုင်းကို သွားခုတ်လာပါတယ်။ သစ်ကိုင်းကို အခေါက်တွေခွာ အချောသတ်ပြီး မိမိအိမ်ရှေ့တည့်တည့်မှာ စိုက်ထူလိုက်ပါပြီ။ အဲဒီ ခရင်းခွပုံစံ သစ်ကိုင်းက ခေါင်ရည်ပွဲတော်အတွက် စိုက်ထူလိုက်တဲ့ ခေါင်တိုင်ပါ။ ဒီခေါင်တိုင်က အဓိကကျပါတယ်။ ဒီခေါင်တိုင်မှာ နွားနောက် တစ်ကောင် (သို့) တတ်နိုင်ရင် တတ်နိုင်သလောက် ၂ကောင် ၃ကောင်လည်း ဖြစ်သွားမှာပါ။

ခေါင်ပွဲလုပ်မယ့်နေ့ကို ရောက်လာတဲ့အခါ အိမ်ရှေ့က ခေါင်တိုင်မှာ နွားနောက်တွေကို ကြိုးနဲ့ ချည်းထားလိုက်ပါတယ်။ တစ်ရွာလုံး ရှိရှိသမျှ အိမ်တွေမှာ လူမရှိတော့ပါဘူး။ အကုန်လုံး ခေါင်ပွဲကို ရောက်နေကြပါပြီ။ လူစုံပြီဆိုတာနဲ့ နွားနောက်ကို သတ်တော့မှာပါ။ နွားနောက်ကို သတ်တဲ့အခါ အချို့ကလည်း မြားနဲ့ပစ်သတ်ပါတယ်။ အခုနောက်ပိုင်းတော့ သေနပ်နဲ့ ပစ်သတ်တာ များပါတယ်။ နွားနောက်သတ်ပွဲကို ကြည့်လိုက်ကြတဲ့ လူတွေဆိုတာ ကလေးရော လူကြီးရော အုံခဲနေတာပါပဲ။ သတ်လို့သေသွားတဲ့ နွားနောက်ကို အရေခွံခွာပြီး အသားတွေကို ထုတ်ယူ၊ အထဲက သည်းခြေအိပ်ကို ဆွဲထုတ်ပြီး ခေါင်တိုင်မှာချိတ်၊ နွားနောက်ခေါင်းကို ဖြတ်ပြီး ခေါင်တိုင်ထိပ်မှာ ကြိုးနဲ့ချည်။ အဲသလို တန်ဆာဆင်ခြင်းအမှု ပြီးတဲ့အခါ ... စောစောက ထုတ်ယူထားတဲ့ နွားနောက်သားတွေကို ပြုတ်တော့တာပါပဲ။

နွားနောက်သားပြုတ် ကျက်တဲ့အခါ အသားတွေကို နွှာယူပြီး ထမင်း၊ ဂျင်း စတဲ့အရာတွေနဲ့ ရောမွှေလိုက်ပါတယ်။ ရောက်လာတဲ့ ဧည့်သည်တွေကို ကျွေးတဲ့အခါ ပန်းကန်ပြားတွေဘာတွေနဲ့ ကျွေးတာတော့ မဟုတ်ပါဘူး။ မိန်းကလေး ငယ်ငယ်တွေက စောစောက နယ်ထားတဲ့ ထမင်းတွေကို ခြင်းတစ်လုံးထဲ ထည့်ပြီး လိုက်ကျွေးတာပါ။ ထမင်းလက်ခံသူတွေက လက်ခုပ်လေး နှစ်ဘက်နဲ့ လက်ခံပါတယ်။ လက်ခုပ်ထဲက ထမင်းကို ဒီအတိုင်းပဲ ပါးစပ်နဲ့တေ့ပြီး စားလိုက်တာပါပဲ။ ထမင်းစားလိုက် ခေါင်တွေသောက်လိုက်ပေါ့။ အရှိန်တက်လာပြီဆိုရင်တော့ ပျော်ပွဲရွှင်ပွဲအနေနဲ့ ကကြတော့မှာပါ။

ရှေ့ဆုံးက လူကြီး သုံးလေးယောက်က ကြေးမောင်းတွေ ဗုံတွေကို တီးပါတယ်။ နောက်ကလူတွေက တစ်ယောက်ခါးကို တစ်ယောက်ဖက်ပြီး ရထားတွဲလို အစဉ်အတိုင်း ဟိုဘက် ယိမ်းလိုက် ဒီဘက် ယိမ်းလိုက်နဲ့ ကကြတာပါ။ ကချင်းမနောပွဲတွေမှာ မနောတိုင်ကို ပတ်ချာလည် ကယသလိုမျိုး ခေါင်ပွဲမှာလည်း ခေါင်တိုင်ကို ပတ်ပြီး ကယကြတာပါ။ အခု ကယပွဲမှာ ကလေးရော လူကြီးရော အပျို လူပျိုရော စုံနေတာပါပဲ။ ကယလို့ မောလာရင် ခဏနား ခေါင်ရည်သောက် စကားတွေပြောကြပေါ့။ အမောပြေတယ်ဆိုရင် ထပ်ပြီး ကယကြပြန်ပါတယ်။ ဒီလို ကလိုက် အမောဖြေလိုက် သောက်လိုက်နဲ့ ညဘက်ရောက်တော့လဲ ကနေတုန်းပါပဲ။

ညရောက်လာတဲ့အခါမှာတော့ ကကွက်တွေက ပြောင်းလဲသွားပါပြီ။ ဇာတ်ကွက်တွေ ဘာတွေ ခင်းလာတော့တာပါပဲ။ တောလိုက်အကတွေ၊ တောင်ယာလုပ်တဲ့ အကတွေ ပါလာပါပြီ။

ထင်းရှူးဆီးတွေကို မီးရှို့ထားတဲ့အတွက် ခေါင်းပွဲပတ်ဝန်းကျင်ဟာ လင်းထိန်နေတော့တာပါပဲ။ ဒီလို အပျော်ကြီးပျော်ကြ ကကြတာဟာ ညဥ့်နက် သန်းခေါင်အထိကို ရောက်ရော ခင်ဗျာ။ အဲသလို ခေါင်ပွဲကို ကျင်းပကြတာပါ။ ကျင်းပရက်ကတော့ ၂ရက် ၃ရက်အထိကို ကြာပါတယ်။ ခေါင်ပွဲရဲ့ အကျိုးရလာဘ်ကတော့ ဟိုဘက်ရွာက ကောင်လေးနဲ့ ဒီဘက်ရွာက ကောင်မလေး သမီးရည်းစား ဖြစ်ခွင့် ကြုံလိုက်ရတော့ပေါ့။ ချင်းတွေကတော့ ပြောပါတယ်။ ခေါင်ပွဲဆိုတာ သမီးရည်းစား အောင်သွယ်ပေးတဲ့ ပွဲပါတဲ့ ခင်ဗျာ။

အဲသလို ခေါင်ပွဲများများ လုပ်ပေးဖူးတဲ့ သူတစ်ယောက်ဟာ ချင်းလူမျိုးတွေကြားမှာ ဘယ်လိုနေရာ ရသလဲဆိုရင် ဧည့်ခံပွဲလိုအခါမျိုးမှာ မျက်နှာကြီးပါတယ်။ နွားနောက်ချိုအမှည့်လို့ ဆိုတဲ့ ဝါနှစ်နှစ် အရောင်ရှိတဲ့ နွားနောက်ချိုနဲ့ ခေါင်ရည်တိုက်တာကို လက်ခံရပါတယ်။ ဒီလို နွားနောက်ချိုအမှည့်ဆိုတာ တော်ရုံလူ သောက်ခွင့်မရပါဘူး။ နောက်ပြီး ခေါင်ပွဲလုပ်တဲ့သူဟာ အိမ်ခေါင်မိုးမှာ မြားတံလိုလို အချွန်လေးတွေကို စိုက်ထူခွင့်ရပါတယ်။ တိုင်ကို ဖောက်ပြီး ပန်းကန်ပြား စွပ်ခွင့်ရပါတယ်။ ကျောက်ဖျာထပ်ပြီး အထိမ်းအမှတ်လုပ်ခွင့်လည်း ရပါသေးတယ်။ ခေါင်ပွဲဆိုတာ ချင်းလူမျိုးတွေရဲ့ စိတ်ကူးယဥ် အိပ်မက်တစ်ခုဆိုတာ မှားအံ့မထင်ပါဘူး ခင်ဗျာ။



ခေါင်ပွဲအထိမ်းအမှတ် ကျောက်ဖျာထပ်ထားရာ အိမ်တစ်အိမ်

## ချင်းတောင်တန်းကြီးပေါ်က ကျောင်းဆရာမလေးများ

တောင်ပေါ်မှာ တာဝန်ထမ်းဆောင်နေရတဲ့ ကျောင်းဆရာ၊ ဆရာမတွေရဲ့ဘဝကို အရင်က သိပ်မသိခဲ့ပါဘူး။ သူလိုငါလို သဘောမျိုးလောက်ပဲ ထင်ပြီး ခက်ခဲလှမယ် မထင်ခဲ့တာပါ။ တကယ်လဲ ကိုယ်တွေ့မျက်မြင် သိမြင်ခွင့် ကြုံလိုက်ရရော... သနားသလိုလို ဝမ်းနည်းနည်းသလိုလို ဖြစ်လာမိတယ်။ တောင်ပေါ်ဒေသမှာ တာဝန်ထမ်းရတဲ့အခါ ယောကျ်ားလေးတွေအတွက် ကြံ့ကြံ့ခံဖို့ လွယ်ကူနိုင်ပေမယ့်၊ မိန်းကလေးတွေအတွက်တော့ ခက်သမှ သိပ်ခက်လို့ ထင်မိတယ်။

မိမိရပ်ရွာ မိမိဇာတိလဲမဟုတ်၊ တစ်နယ်တစ်ကျေးက လာခဲ့ရတဲ့ ဆရာမလေးတွေ။ ကိုယ့်လူမျိုး ပတ်ဝန်းကျင် မဟုတ်တဲ့အခါကြတော့ စကားက မပေါက်။ ကိုယ်ပြောတာ သူတို့ နားမလည်၊ သူတို့ပြောတာလဲ ကိုယ်က နားမလည်။ မြို့ပေါ်လို နေရာမျိုးဆို တော်သေးရဲ့။ အခုက မြို့နဲ့ အလှမ်းကွာဝေးတဲ့ ချင်းရွာလေးတွေမှာ တာဝန်ထမ်းဆောင်ရတာလေ။ အချို့ရွာတွေဆိုရင် ကားလမ်း မပေါက်တဲ့အတွက် မြို့ပေါ်ကနေ တစ်ရက်တန်သည် နှစ်ရက်တန်သည် လမ်းလျှောက်သွားရတာမျိုးတွေ

ရှိတတ်ပါတယ်။ ကိုယ်တာဝန်ကျတဲ့ ရွာကိုရောက်တော့ တစ်ယောက်ထဲ တာဝန်ထမ်းရမယ်ဆိုရင် အမောဆို့ပြီ။ သူစိမ်းလူတွေကြားမှာ.. လူမျိုးကလည်း မတူ။ ခပ်စိမ်းစိမ်းနေတတ်တဲ့ ချင်းလူမျိုးတွေကြားမှာ ရင်းနှီးမှုက အလွယ်တကူ တည်ဆောက်လို့ရတာမျိုး မဟုတ်တော့ အခက်တကာအခက်ပေါ့။

နေရေးထိုင်ရေး အခက်၊ စားရေးသောက်ရေးအခက်။ ညညများရောက်ရင် ဘယ်သူ့ကို အဖော်ပြုပြီး အိပ်ရမလဲဆိုတာ တွေးလို့သာကြည့်ပေတော့။ ရွာတစ်ရွာမှာ ဆရာမနှစ်ယောက်လောက် ဆိုရင် စကားပြောဖော်လေးရှိ၊ တိုင်ပင်ဖော် တိုင်ပင်ဘက်လည်း ရနိုင်တဲ့အတွက် တော်သေးတယ်လို့ ဆိုလို့ရတယ်။ ဒါပေမယ့် တစ်ခု တော်သွားတာက မင်းတပ်ဘက်က ရွာအများစုမှာ သာသနာပြု ဦးဇင်းတွေ ရှိတယ်လေ။ အဲဒီတော့ အဝေးကလာတဲ့ ဆရာမလေးတွေအတွက် အားကိုးစရာ တစ်ခုတော့ ရတာပေါ့။ ပျင်းပျင်း ရှိလာရင် ဘုန်းကြီးကျောင်းကိုသွား ... ဦးဇင်းနဲ့ စကားပြောကြတာများပါတယ်။ တစ်လနေလို့မှ ဧည့်သည် တစ်ယောက်တောင် ရောက်မလာတတ်တဲ့ ရွာမှာ လူမျိုးတူတာဆိုလို့ ဒီဦးဇင်း ဒီဆရာမတွေပဲ ရှိတတ်ကြတယ်။ ကြာလာတော့လည်း ဆရာနဲ့ တပည့် ပုံစံမျိုး မဟုတ်တော့ပဲ တကယ့် သွေးရင်းသားရင်း မောင်နှမတွေလို ခင်မင်သွားကြတာများတယ်။ အရေးကြီးရင် သွေးနီးဆိုတာ ဒါမျိုးထင်ပါရဲ့။

ကျွန်တော် ရောက်ခဲ့တဲ့ ရွာမှာဆိုရင် ကျောင်းဆရာမ နှစ်ယောက်ရှိပါတယ်။ တစ်ဦးကတော့ ဂန့်ဂေါဘက်က လာခဲ့ရပြီး၊ တစ်ဦးကတော့ မင်းဘူးဘက်ကပေါ့။ တစ်ရွာထဲ ဆရာမနှစ်ယောက်ဆိုတော့ တစ်ဦးနဲ့ တစ်ဦး ညီအစ်မတွေလို ဖြစ်နေရော။ အဲဒီရွာကနေ ဆက်သွားရင် အတွင်းဘက် အတော်ကျတဲ့ ရွာတွေမှာ ဆရာမ တစ်ဦးစ နှစ်ဦးစ ရှိတတ်သေးတယ်။ ဒီဆရာမတွေကတော့ စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်များ ရောက်လာရင် အနီးအနားမှာ ရှိတဲ့ ဆရာမတွေဆီ သွားပြီး ပူးပေါင်းကြတယ်။ စကားတွေ တဝကြီးပြောကြ၊ ချက်ပြုတ်စားကြနဲ့ ပျော်အောင် ဖန်တီးနေကြတာပါပဲ။ စနေ တနင်္ဂနွေ မရောက်သေးခင် ကြားရက်များဆိုရင် လူကြုံရှိရင် ရှိသလို စာရေးပြီး စကားပြောကြတာဗျာ။ သဲသဲလှုပ်တယ်လို့ ထင်စရာရှိပေမယ့် တကယ်တွေးကြည့်တော့.. မြို့ပေါ်ဒေသတွေလို အပျင်းပြေ တီဗွီကြည့်စရာလဲမရှိ၊ သီချင်းနားထောင်စရာလဲ မရှိ၊ နေ့ရှိသရွေ့ ငူငူငိုင်ငိုင်ကြီး ထိုင်နေရမှာထက်စာရင် စားရေးပြီး တစ်ယောက်နဲ့ တစ်ယောက် စကားပြောနေရတာမှ အဆင်ပြေနိုင်ပါသေးတယ်။

---

## ချင်းတောင်တန်းကြီးပေါ်က အမှုထမ်းများ

တောင်ပေါ် ကားလမ်းပေါ်မှာ စခန်းချနေကြတဲ့ လမ်းစောင့်ရှောက်ရေးအဖွဲ့က အင်ဂျင်နီယာတွေ၊ လမ်းလုပ်သားတွေ၊ တပ်စခန်းတွေက စစ်သားတွေရဲ့ နေထိုင်ရပုံလေးတွေကို လေ့လာကြည့်မိပါသေးတယ်။ ပျင်းစရာတော့အကောင်းသား။ တစ်နေ့တစ်နေ့ လမ်းပေါ်မှာ လူသွားလူလာက မရှိ။ ပျင်းလာရင် ထိုင်ဖို့ လက်ဖက်ရည်ဆိုင်က မရှိ။ ဒီကြားထဲ တောင်ပေါ် ကားလမ်းပေါ်မှာ ရာသီဥတုက ကြမ်းတော့ နေရထိုင်ရ အတော်ခက်ပါတယ်။ အမြဲတမ်း နှင်းငွေ့တွေ ရိုက်ခတ်နေတော့ အိပ်ရာနေရာတွေက စိုစိစိ။ ချမ်းလာရင် မီးလှုံ၊ မီးဖိုနားက ခွါပြီး အိပ်ရာထဲ ကွေးမယ်ဆိုရင်လည်း စိုထိုင်းထိုင်းနဲ့ နေရထိုင်ရတာ ကသိကအောက် ဖြစ်နေတတ်တယ်။

ပွင့်လင်းရာသီဖြစ်တဲ့ ဆောင်းတွင်းအခါ၊ နွေရာသီအခါတွေမှာ တောင်ပေါ်ကားလမ်း တစ်လျှောက် ကားအသွားအလာရှိတော့ နည်းနည်းတော့ အဆင်ပြေတတ်ပါတယ်။ သို့သော်...

ဒီလိုပွင့်လင်း ရာသီတွေမှာ အလုပ်က မများတတ်သေးဘူး။ လမ်းတွေလည်း ပျက်စီးမှု သိပ်မရှိတတ်သေးဘူး။ မိုးတွင်းရာသီမှာတော့ ဆိုးလာပါပြီ။ လမ်းတွေ ခဏခဏပျက်စီးတတ်ပါတယ်။ တောင်ပေါ်က ကျလာတဲ့ ရေစီးအရှိန်နဲ့ လမ်းတွေ ပျက်ကုန်တတ်တာပါ။ မိုးတွင်းရာသီဆိုရင် တောင်ပေါ်မြေသားတွေက နူးညံ့လာပြီး ပွဲပွဲကျတတ်ပါတယ်။ ဆိုးတာက တောင်ကြောကို ပတ်ပြီး ဖောက်ထားတဲ့ လမ်းတွေပါ။ လမ်းက ပွဲကျသွားရင် ကားလမ်းပါ ပျောက်သွားတော့တာပါပဲ။

တစ်ခါတစ်လေတော့ SAE တွေ ငြီးသံကြားရတယ်။ ဒီလမ်းတွေ ကတ္တရာခင်းလို့ကို မဝနိုင်ဘူးတဲ့။ ဒီတစ်နှစ် ကတ္တရာခင်းတယ်ဆိုရင်.. မိုးတွင်းရောက်လာတဲ့အခါ လမ်းပေါ်ကို ဘေးဘက်တောင်နံရံက ပွဲကျလာတဲ့ မြေကြီးတွေ ဖုံးပြီး လမ်းတွေက မြေသားပြန်ဖြစ်သွားရော။ အဲဒီအခါရောက်ရင် လမ်းပေါ်မှာ ကျောက်သားပြန်ခင်း ကတ္တရာပြန်လောင်းပဲ။ အဲဒီအခါ ရှေ့မျက်နှာနောက်ထားလို့ အထက်ကို တင်ပြပြီး လမ်းပြင်စားရိပ် ခဏခဏတောင်းရတယ်လို့ ဆိုပါတယ်။ လမ်းပြင်စားရိပ်တွေ မရောက်လာသေးခင် အချိန်မှာ အင်ဂျင်နီယာတွေခမျာ အခြား ခင်ရာမင်ရာသူတွေဆီက အကြွေးယူပြီး လုပ်ရတာတွေလည်းရှိတယ်လို့ ပြောပါတယ်။ အင်ဂျင်နီယာတစ်ဦးဆိုရင် သူယူထားတဲ့ အကြွေးက သိန်းကို ရာနဲ့ချီနေတာပါတဲ့။

ဒီကြားထဲ လျှပ်တပြတ်ဖြစ်ပေါ်လာတဲ့ ကားလမ်းပျက်စီးမှုတွေက ရှိလိုက်သေးတယ်။ ကားလမ်းဘေး တောင်နံရံတွေမှာ ကပ်ပေါက်နေတဲ့ သစ်ပင်ကြီးတွေပါ။ ဒီအပင်ကြီးတွေဟာ တစ်ခါတရံဆိုရင် အမြစ်လိုက် ကျွတ်ထွက်ပြီး ကားလမ်းကို ဖဲ့ချသွားတတ်ပါတယ်။ ကားလမ်းပွဲရုံတင် မဟုတ်သေးပါဘူး။ လမ်းပေါ်မှာ အပင်လိုက်ကြီးကို တင်ကျန်နေရစ်ခဲ့တာပါ။ အဲဒီအချိန်များ ရောက်လာပြီဆိုရင် ဘာပြောကောင်းမလဲ။ မတူပီဘက်ကလာတဲ့ ကားတွေ၊ မင်းတပ်ဘက်ကလာတဲ့ ကားတွေ ရှေ့ကိုသွားလို့ မရတော့ပါဘူး လမ်းပေါ်မှာ စခန်းချပြီး လမ်းပြင်လို့ ပြီးတဲ့အထိကို စောင့်နေရတော့တာပါပဲ။ ကားလမ်းပေါ်တင်နေတဲ့ အပင်ကြီးကို လွှနဲ့တိုက်ဖြတ်ကြ၊ ပွဲသွားတဲ့ လမ်းကို အသစ်ပြန်ဖေါ်ဖို့ ဘူဒိုဇာကြီးတွေနဲ့ ဘေးဘက်တောင်နံရံကို လမ်းပြန်ထွင်းရနဲ့ တစ်ပတ်တန်သည် နှစ်ပတ်တန်သည်တော့ လုပ်ကြကိုင်ကြရပါတယ်။ ဒီလို အရေးပေါ် ဖြစ်ပေါ်လာတဲ့ ကိစ္စတွေကြောင့် အင်ဂျင်နီယာတွေခမျာ သိန်းရာနဲ့ချီ အကြွေးတင်ကြတယ်ဆိုတာ ဟုတ်တန်ကောင်းရဲ့လို့ တွေးမိလိုက်ပါတယ်။

---

## အေတွိ

ပြန်တွေးရင် အခုထိ သွားရည်ကျချင်မိတယ်။ ချင်းပြည်နယ်မှာ ဆတ်သားခြောက်ဖုတ်လေးကို ခေါင်ရည်နဲ့ မြည်းရတာ အရသာရှိသလို… 'အေတွိ' ဆိုတဲ့ ပြောင်းဖူးပြုတ်ရည်လေးကလည်း တကယ်ကောင်းဗျာ။ ချင်းတောင်တန်းကြီးပေါ်မှာ ပြောင်းဖူးဆိုတာ နေရာတိုင်း စိုက်လို့ဖြစ်တယ်ဆိုရမလားပဲ။ တောင်ယာ တစ်ကွက်လောက်များ ခုတ်ပြီးပြီဆိုရင် အရင်ဆုံးပျိုးကြလိုက်တာက ပြောင်းဖူးပါပဲ။ ပြောင်းဖူးကို ချင်းလူမျိုးတွေ တန်ဘိုးထားကြတာလဲ မပြောပါနဲ့။ ပြောင်းဖူးပင်ဟာ အဖူးထွက်လာမှ တန်ဘိုးရှိတာ မဟုတ်ပါဘူး။ အပင်လည်း တန်ဘိုးရှိတာပါပဲ။ ပြောင်းဖူးရိုးတွေကို စင်းပြီး ဝက်ကျွေးလို့ရတယ်။ ကလေးတွေအတွက် အစာပြေ ပြောင်းဖူးရိုး စုပ်လို့ရတယ်။ ကျွန်တော်တောင် ပြောင်းဖူးရိုး မစုပ်ဖူးလို့ ကလေးတွေဆီက တောင်းပြီး စုပ်ကြည့်သေးတယ်။ ကြံလိုပါပဲ ချိုမှချို။



ပြောင်းဖူးလေးတွေ ဖူးလာတဲ့အခါမှာတော့… တောင်ယာကအပြန်မှာ ပြောင်းဖူးလေးတွေကို ချိုးလာကြပါတယ်။ ကိုယ့်အိမ်ကိုယ် ပြန်ရောက်တဲ့အခါ၊ ညဦးပိုင်း အိမ်ရှေ့မှာ မီးထိုင်လှုံကြရင်း ပြောင်းဖူးဖုတ်စားကြတာ အရသာတစ်မျိုးပါ။ ချင်းလူမျိုးတွေဟာ ငယ်စဉ်ကတည်းက ပြောင်းဖူးနဲ့ လည်ပင်းဖက်ပြီး ကြီးလာလို့လား မပြောတတ်… ပြောင်းဖူးဖုတ်တဲ့ နေရာမှာတော့ အတော်လေးကို တော်ပါတယ်။ မဲသွားတယ်ဆိုတာမျိုး လုံးဝမရှိပါဘူး။ ပြောင်းဖူးကို မီးနားကပ်ပြီး မီးရောင်ပြရုံလေးကို ဖုတ်တာ ခင်ဗျ။ ပြောင်းဖူးဖုတ်တဲ့အခါ အေးအေးဆေးဆေးကို စိတ်ရှည်လက်ရှည်ထိုင်ဖုတ်တာပါပဲ။

ပြောင်းဖူးတွေ လှိုင်လှိုင်ပေါ်လာတဲ့အခါ စားလို့ကို မနိုင်တော့ပါဘူး။ အဲဒီအခါမှာ အချို့ပြောင်းဖူးတွေဟာ ရက်ကျော်ပြီး မလပ်ဆတ်တော့ပါဘူး။ ပြုတ်စားလို့လဲမကောင်း၊ ဖုတ်စားလို့လဲ မကောင်းတဲ့ အခြေအနေကို ရောက်သွားပါပြီ။ ဒီတော့ တစ်မျိုးကြံလို့ စားစရာ တစ်မျိုး တိုးလာပါတော့တယ်။ ရက်ကျော် ပြောင်းဖူးတွေကို အစေ့ချွတ်ပြီး သစ်သားဆုံထဲ ထည့်ထောင်းပါရော။ သိပ်အညက်ကြီးမဟုတ် လေးစိပ်ကွဲလည်းမဟုတ်တဲ့ အခြေအနေရောက်လာပြီဆိုရင် ထောင်းထားတဲ့ ပြောင်းဖူးတွေကို ယူလိုက်ပါတယ်။ ပြီးတဲ့အခါ အိုးထဲကို ရေအနေတော်လောက်ထည့်ပြီး ထောင်းထားတဲ့ ပြောင်းဖူးကို ပြုတ်လိုက်ပါတယ်။

အနားမှာ အဆင်သင့်ရှိနေတတ်တဲ့ ကြက်သွန်မြိတ်၊ နံနံပင်၊ ငရုပ်သီး၊ ပဲသီး၊ ဖရုံသီး၊ ဖရုံရွက် စတဲ့အရာတွေကို ထည့်ချင်လည်း ထည့်ကြပါသေးတယ်။ အချို့မှုန့်လုံးဝမထည့်ပါဘူး။ ဆားကိုတော့ သင့်တော်ရုံလောက် ထည့်ကြပါတယ်။ အချို့က နွားနောက်သားခြောက်၊ ဆိတ်သားခြောက် စတာတွေလည်း ထည့်လိုက်ကြပါတယ်။ အာလုံးနူးတဲ့အခါ အပေါ့အငန်မြည်းကြည့်ပြီး သောက်လို့ အဆင်ပြေပြီဆိုရင် 'အေတွီ'လို့ ခေါ်တဲ့ ချင်းရိုးရာ စားစရာတစ်ခုဖြစ်သွားပါပြီ။ ပြောင်းဖူးနံ့လေး သင်းသင်းနဲ့ ခပ်ပျစ်ပျစ်လေး သောက်လိုက်ရင် ချိုအီနေတာပါပဲ။ သောက်လို့ အင်မတန်ကောင်းတဲ့ စားစရာတစ်မျိုးပါ။ တွေးမိတိုင်း သတိရတဲ့ ချင်းရိုးရာ စားစရာတစ်မျိုးဆိုရင်လည်း မမှားပါဘူး။

---

## တောလိုက်ခလေ့

တောတောင်ထူထပ်တဲ့ ချင်းပြည်နယ်မှာ ချင်းလူမျိုးတွေအတွက် တောလိုက်ကြတယ်ဆိုတာ ယဉ်ကျေးမှုတစ်ရပ်လို ဖြစ်နေခဲ့ပါပြီ။ ငယ်စဉ်ကတည်းက လူကြီးများရဲ့ လေ့ကျင့်ပေးမှုကြောင့် မြားပစ်၊ သေနပ်ပစ်တော်ကြပါတယ်။ ချင်းလူမျိုးတွေရဲ့ အိမ်တစ်အိမ်ကို ကြည့်လိုက်ရင် ဘယ်လောက်ပင်

စုတ်နေပါစေ သူတို့ကိုင်စွဲတဲ့ သေနပ်တွေ မြားတွေကတော့ အပျံစားပါပဲ။ ယမ်းထည့်ဖို့ ဆတ်ချိုအိမ်လေးက အစ၊ သေနပ်အထိ ပြောင်ပြောင်လက်လက်နဲ့ တသသပါပဲ။

ချင်းလူမျိုးတွေအတွက် အားလပ်ချိန်လေးများ နည်းနည်းလောက်ရကြည့် တောလိုက်ဖို့ စဉ်စားကြတာ များပါတယ်။ တစ်ခါတလေများဆိုရင် ဟိုနားဒီနာသွားရင်း သားကောင်ရဲ့ ခြေသံများကြားလိုက်လို့ကတော့ ရှေ့ခရီးကို ဆက်သွားဖို့ မပြင်တော့ပါဘူး။ သားကောင်နောက်ကို လိုက်တော့တာပါပဲ။ သားကောင်လိုက်ဖို့ အတွက်ဆို ကလေးပေါက်စလေးကအစ စိတ်ဝင်တစား ရှိတတ်ကြတယ်။ သို့သော်.. တောင်ပေါ်ဒေသတွေမှာ သားကောင်နောက်ကို လိုက်ရတယ်ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဝါးရုံတောကို တိုးရတာကတစ်မျိုး၊ မြေပြင်မညီညာတဲ့အတွက် တောင်ဆင်းတောင်တက် လိုက်ရတာက တစ်မျိုး၊ တော်ရုံ အမောမခံနိုင်လို့ကတော့ သားကောင်နောက်ကို လိုင်နိုင်လိမ့်မယ် မဟုတ်ပါဘူး။

သားကောင်တွေ့ပြီဆိုရင်လည်း ၂ချက်လောက်ထက် ပိုပစ်ရတဲ့ ထုံးစံသူတို့မှာ မရှိတာ အမှန်ပါ။ အဲသလောက်ထိ လက်ဖြောင့်ကြပါတယ်။ တစ်ခါလေများ ရွာထဲကနေ သေနပ်သံ နှစ်ချက်လောက် ကြားလိုက်ရပြီဆိုရင် သေချာပါပြီ။ သားကောင်တစ်ကောင်တော့ ရပြီဆိုတာ တွက်လို့ရပါတယ်။ သားကောင်ရလာတဲ့အခါ သယ်လာဖို့က မလွယ်တော့ တစ်နေရာရာမှာ သစ်ရွက်တွေနဲ့ အုပ်ပြီး အမှတ်အသားလုပ်ထားခဲ့ကြပါတယ်။ နောက်မှ ရွာထဲကို လူပြန်ခေါ်ပြီး သားကောင် သယ်ဖို့ ပြင်တော့တာပါပဲ။ နည်းနည်းအကောင်သေးရင် အကောင်လိုက် သယ်လာပြီး၊ အကောင်ကြီးရင်တော့ ပိုင်းဖြတ်ပြီး ယူလာကြတာများပါတယ်။ ဒါက တစ်နိုင်တပိုင်တောလိုက်ကြတာပါ။

အုပ်စုဖွဲ့ပြီး တောလိုက်တာလဲ ရှိပါသေးတယ်။ အုပ်စုဖွဲ့ပြီး လိုက်တာမျိုးကြတော့ ရွာထဲမှာ လူစုပြီး လူ၁၀ယောက် ၁၅ယောက်လောက်နဲ့ တောအုပ်ကို မီးရှို့တော့တာပါပဲ။ တောမီးလောင်တော့မှ ချောင်းစပ်ကနေ စောင့်ပြီး သားကောင်ကို ပစ်တာမျိုး ခင်ဗျ။ တောမီးအရှိန်နဲ့ ပူလာတော့ သားကောင်တွေ ရေဆင်းသောက်ကြတာကို စောင့်ပစ်တာမျိုးပါ။ အဲဒီလို အချိန်မျိုးမှာ ဝက်ဝံလို အကောင်မျိုးများ ရလိုက်လို့ကတော့ ချင်းလူမျိုးတွေ သိပ်ကို ပျော်တာပေါ့။ ဝက်ဝံသည်းခြေက ဈေးကောင်းတယ်လေ။ အလုံးကြီးရင် ကြီးသလောက်ကို ဈေးရတတ်ပါတယ်။ ဒါကို မျှော်လင့်ပြီး အုပ်စုဖွဲ့တောလိုက်တာမျိုးလဲ ဖြစ်နိုင်ပါတယ်။ ဒီလို တောမီးရှို့ပြီး သားကောင်ရှာတာမျိုးကတော့ တစ်နှစ်မှာ တစ်ကြိမ် နှစ်ကြိမ်လောက်တော့ လုပ်တတ်ကြပါတယ်။ ဒီလိုအချိန်တွေဟာ များသောအားဖြင့် တောင်ယာနားလို့ လူစုမိတဲ့အချိန်မျိုးတွေပါပဲ။



တောကြောင်လိုလို ကျားသစ်လိုလို ဘာကောင်မှန်းမသိတဲ့ သားကောင်တစ်ကောင်ကို အရေခွံခွာယူထားသည်

## ၅၆မိုင်(တွီဒိန်ရွာ)

ချင်းရွာလေးတစ်ရွာမှာ လည်ပတ်ပြီးတော့ မတူပီဘက်ကို အလည်သွားချင်လာခဲ့ပါတယ်။ မတူပီမှာက နာမည်ကြီး 'ဘုံတလာ'ရေတံခွန်ကြီးတစ်ခု ရှိတာကို ခင်ဗျ။ အဲဒီတော့ သွားကြည့်ချင်စိတ် ဖြစ်မိတော့တာပေါ့။ တစ်နေ့တော့ ကျွန်တော်တို့ ယခုလက်ရှိရောက်နေတဲ့ ရောင်လောင်းရွာကနေ ထွက်လာခဲ့ကြပါတယ်။ တောင်အောက်ရွာလေးကနေ ကားလမ်းရှိရာ တောင်ပေါ်ကိုတက်ကြတဲ့အခါ.. တောင်တက်ရတဲ့ အရသာကို ကောင်းကောင်းကြီး ခံစားရတော့တာပါပဲ။ မောလိုက်တဲ့ ဖြစ်ခြင်း..။ ပါးစပ်ထဲက ချွဲထွက်အောင်ကို မောတာ ခင်ဗျ။ အလျှင်ရောက်လိုစိတ်နဲ့ မြန်မြန်တက်လေ မောလေ၊ မျက်လုံးတွေ ပြာလာလေပါပဲ။ တောင်တက်ရင် ဖြေးဖြေးတက်ဆိုတာ တကယ့်ကို ဟုတ်တာခင်ဗျာ။

နားလိုက် တက်လိုက်နဲ့ အဆင်းတုံးက နာရီဝက်ကျော်ကျော် ၄၅မိနစ်လောက် ဆင်းခဲ့ရတဲ့ နေရာဟာ အတက်ရောက်တော့ ၂နာရီကျော်ကျော်ကြာခဲ့ပါတယ်။ တောင်ပေါ်ကားလမ်းကို ရောက်တော့ လူလဲ ခြေကွတတဖြစ်ကရော။ ကားလမ်းပေါ်မှာ ခဏနား အမောဖြေပြီးတော့ ရှေ့ကို ဆက်သွား ဖြစ်ခဲ့ကြပါတယ်။ ရှေ့ခရီးမှာ ၅၆မိုင် ရှိပါတယ်။ ၅၆မိုင်ဆိုတာ မင်းတပ် မတူပီ ခရီးရဲ့ အလည်တည့်တည့်လို့ ဆိုလို့ရပါတယ်။ ၅၆မိုင်မှာ ရွာတစ်ရွာရှိပြီး လက်ဖက်ရည်ဆိုင်တွေ၊ ဆောက်လုပ်ရေးရုံးတွေ၊ စစ်တပ်စခန်းတွေနဲ့ စည်းစည်းကားကားဖြစ်နေတဲ့ ရွာတစ်ရွာပါ။

၄၅မိုင်ကနေ ၅၆မိုင်ကို ဆိုင်ကယ်စီးလာကြတဲ့အခါ တစ်နာရီ ကျော်ကျော်လောက်ကြာတော့ ၅၆မိုင်ကို ရောက်လာခဲ့ပါပြီ။ ၅၆မိုင်ကိုရောက်တော့ ရွာဘက်ကို မလှည့်ပဲ ဘုန်းကြီးကျောင်းဘက်ကို လှည့်ဖြစ်ပါတယ်။ တောင်ကုန်းတစ်ခုပေါ်မှာ တည်ဆောက်ထားတဲ့ ဘုန်းတော်ကြီးကျောင်းလေးရယ်၊ စေတီတစ်ဆူရယ် နေချင်စရာကောင်းတဲ့ နေရာလေးတစ်ခုပါ။ ဒါပေမယ့် အတော့်ကို အေးတဲ့ နေရာလို့ဆိုရပါလိမ့်မယ်။ အမြင့်ပေ ၇၉၀၀ကျော်ပြီး နေ့လည် ၁၂နာရီ နေခေါင်းပေါ်တည့်တည့်လောက် ရောက်မှ ရေချိုးနိုင်တဲ့ နေရာတစ်ခုပါ။

၅၆မိုင် ဘုန်းတော်ကြီးကျောင်းလေးဟာ မင်းတပ်ကလာတဲ့သူတွေပဲ ဖြစ်ဖြစ်၊ မတူပီကလာတဲ့ သူတွေပဲဖြစ်ဖြစ် ခရီးတစ်ထောက်နားလို့ရတဲ့နေရာဆိုရင်လည်း မမှားပါဘူး။ မတူပီမှာ ဗျူဟာစိုက်တဲ့ ဗျူဟာကြီးတွေတောင် ၅၆မိုင်ဘုန်းကြီးကျောင်းလေးမှာ ဝင်ပြီး ခဏနား ထမင်းစား အမောဖြေတတ်ကြပါတယ်။ ၅၆မိုင်ကို တွီဒိန်ရွာဆိုပြီး နောက်တစ်မျိုးလဲ ခေါ်တတ်ပါသေးတယ်။ 'တွီ' ဆိုတာက ချင်းစကားနဲ့ 'ရေ' လို့ ခေါ်ပြီး၊ 'ဒိန်' ဆိုတာကတော့ 'ကျ' တာပေါ့။ နှစ်ခုပေါင်းတော့ 'ရေကျ'တဲ့ ရွာပေါ့ ခင်ဗျာ။



၅၆မိုင် အဝေးမြင်ကွင်း

မင်းတပ် မတူပီကားလမ်းပေါ်မှာ ရှိတဲ့ 'တွီဒိန်ရွာ' ဆိုတာ ရွာအသစ်လေး တစ်ရွာပါ။ တွီဒိန်ရွာဟောင်းကတော့ ကားလမ်းရဲ့ အောက်ဘက် ချောက်ထဲမှာ ရှိနေပါတယ်။ အိမ်ခြေအားဖြင့်ဆိုရင် ရွာဟောင်းမှာ ပိုများတယ်လို့ ဆိုရမလားပဲ။ ကားလမ်းပေါ်မှာ ရွာသစ်ဖြစ်လာတာက သစ်ခွပန်းဥတွေ ရောင်းလို့ရမှန်း သိလာတဲ့အခါ ဈေးကွက်ပေါ်လာတာရယ်၊ ဆောက်လုပ်ရေး ရုံး၊ စစ်တပ် စသည်တို့

ရှိလာတော့ ရွာသားတွေ အနားမှာ စုလာတာရယ်။ အဲဒါနဲ့ပဲ တစ်ယောက်ပြောင်း နှစ်ယောက်ပြောင်းရင်း လူတွေ စုစုလာတဲ့အခါ ရွာသစ်ဖြစ်သွားပါရော။ ရွာသစ်ဖြစ်လာတဲ့အခါ ရွာထဲမှာ သီတင်းသုံးတဲ့ ဆရာတော်လည်း ကားလမ်းပေါ်က ရွာသစ်ကို ရွှေ့လာပါတယ်။

ဆောက်လုပ်ဌာနက လူကြီးများက ကျောင်းအသစ်တစ်ကျောင်း ဆောက်လှူကြ၊ ကျောင်းဆောက်ဖို့အတွက် မြေနေရာကို ညှိပေးကြနဲ့ သားသားနားနား ဘုန်းကြီးကျောင်းလေးတစ်ကျောင်း ဖြစ်လာခဲ့ပါတယ်။ ကျောင်းဆောက်ကြတဲ့အခါ တောင်ပေါ်မှာ ပေါက်တဲ့ ထင်းရှူးပင်တွေကို ပျဉ်ဆွဲပြီး ဆောက်ကြတာပါပဲ။ ထင်းရှူးသားနဲ့ ဆောက်တဲ့ အဆောက်အဦးတွေဟာ အရောင် အတော်လှပါတယ်။ သစ်ဆွဲရတာလည်း လွယ်၊ ရွှေဘော်ထိုးရတာလည်း လွယ်တဲ့ သစ်အမျိုးအစားပါ။ သုံးပျော်တဲ့ သစ်မျိုးဆိုရင်လည်း မမှားပါဘူး။ ကျောင်းသစ်လေးတစ်ကျောင်း ပေါ်ပေါက်လာတဲ့အခါ ဆောက်လုပ်ရေး အဖွဲ့က လူကြီးများက စေတီတစ်ဆူတည်ဖို့ ထပ်ပြီး ကြိုးစားကြပြန်ပါတယ်။ တောင်ပေါ်ဒေသတွေမှာ စေတီဆိုတာ အတော်လေးရှားတာပါ။ အုတ်တွေ သဲတွေဆိုတာ တောင်ပေါ်မှာ ရှားတယ်လေ။ ဘယ်နေရာကြည့်ကြည့် ကျောက်တုံးတွေသာ များတဲ့ တောင်ပေါ်ဒေသပါ။ တစ်ခါတလေများ သဲအတွက် လမ်းခင်းကျောက်တွေကို ကြိတ်စက်နဲ့ ကြိတ်ရင်း ထွက်ကျလာတဲ့ ကျောက်မှုန့်တွေကို အသုံးပြုကြတာ တွေ့ခဲ့ရပါတယ်။

၅၆မိုင်ကနေ လှမ်းကြည့်ရင် ခပ်လှမ်းလှမ်းမှာ မိုးထိတောင်ဆိုတာ တစ်တောင် ရှိပါသေးတယ်။ မိုးထိတောင်ဟာ ဝိတိုရိယပြီးရင် ဒုတိယအမြင့်ဆုံးတောင်လို့ ဆိုရမလားပဲ။ မိုးထိတောင်ထိပ် ပေါ်မှာ ဉာဏ်တော် သိပ်မမြင့်တဲ့ စေတီတစ်ဆူရှိပါတယ်။ သို့သော်... စောင့်ရှောက်မယ့်သူ မရှိတော့ ပျက်စီးယိုယွင်းစပြုလာပါပြီ။ တောင်ပေါ်မှာ နေမယ့်သူတွေလည်း မရှိ စေတီတော်ကို စောင့်ရှောက်မယ်သူလည်း မရှိဖြစ်နေရတယ်။ အခု ၅၆မိုင်မှာ ဉာဏ်တော် ၁၈တောင်မြင့်တဲ့ စေတီတစ်ဆူ ထပ်ရှိလာပါတယ်။ ဒီစေတီတော်ကတော့ မင်းတပ် မတူပီလမ်း တစ်လျှောက်မှာ ဉာဏ်တော်အမြင့်ဆုံး ဆိုလို့ရပါတယ်။ စေတီကို ထီးတော်တင်တဲ့အချိန်ကတော့ ခမ်းခမ်းနားနားပါပဲ။ မင်းတပ် မတူပီ ကန်ပက်လက် နယ်မြေတစ်ကျောက အစိုးရအမှုထမ်းတွေ အကုန်လာရောက်ကြပါတယ်။ မလာလို့လဲ မဖြစ်ကို ခင်ဗျ။ ဗျူဟာမှူးကြီးကိုယ်တိုင်က ဦးစီးဦးဆောင် လုပ်ဆောင်သွားခဲ့တာကို။



**တွီဒိန်ရွာဟောင်း – ရွာအတွင်း ဘုန်းတော်ကြီးကျောင်း – ဒီလို တောင်ကျရေရှိတဲ့အတွက် တွီဒိန်(ရေကျ)ရွာနာမည်တွင်**

## မတူပီမြို့ဆီသို့

၅၆မိုင် တွိဒိန်ရွာကမှာ ခဏတဖြုတ်နေခဲ့ကြပြီး မတူပီမြို့ဆီသို့ ခရီးဆက်ခဲ့ပါတယ်။ ရှေ့လမ်းခရီးဟာ မင်းတပ်မြို့နယ်မြေကိုကျော်ပြီး မတူပီနယ်မြေထဲကို ဝင်ရောက်ခဲ့ပါပြီ။ ပတ်ဝန်းကျင်လည်း တဖြေးဖြေးပြောင်းလဲ၊ လူမျိုးတွေလည်း ပြောင်းလဲပြီပေါ့။ ပတ်ဝန်းကျင်ကို ကြည့်မိတဲ့အခါ အမြင့်ဆုံးအပိုင်းကို ရောက်ခဲ့ပြီး သိပ်မကြာခင် အောက်ခြေကို တဖြေးဖြေး ပြန်ဆင်းလာတော့မှာပါ။ ပတ်ဝန်းကျင်မှာလည်း တောင်ဇလပ်ဖြူတွေ၊ တောင်ဇလပ်နီတွေ အစွမ်းကုန် ဖူးပွင့်နေခဲ့ပါပြီ။ ဒါဟာ တောင်ပိုင်းချင်းပြည်နယ် တစ်ခုလုံးအတွက် နောက်ဆုံး အနေနဲ့ တောင်ဇလပ်ဖြူတို့ တောင်ဇလပ်နီတို့ ပေါက်ရောက် ဖူးပွင့်ကြတယ် ထင်ပါတယ်။ ရှေ့ဘက် မတူပီမြို့ဆီသို့ သွားမယ့် ခရီးလမ်းမှာတော့ ထင်းရှူးပင်တွေ တောင်ဇလပ်ပင်တွေလည်း တဖြေးဖြေး ပျောက်ကွယ်သွားပြီး ရှိတော့မှာမဟုတ်ပါဘူး။ တောင်ဇလပ်တို့ ထင်းရှူးတို့ဆိုတာ အနိမ့်ပိုင်းကို ရောက်သွားလေ မပေါက်တော့လေပါပဲ။ ဒီတော့ မတူပီမြို့ဆိုတာ အနိမ့်ပိုင်းမှာ ရှိတဲ့ မြို့တစ်မြို့လို့ ခန့်မှန်းလို့ ရပါပြီ။

လမ်းတလျှောက်မှာ ရွာစဉ်ရွာတန်းတွေ တော်တော်များများ ရှိပါတယ်။ သို့သော်.. မင်းတပ်ချင်းတို့နဲ့ လုံးဝမတူ ဘာသာစကားကွဲပြား၊ လေသံအနိမ့်အမြင့် ကွဲပြားလာပါတယ်။ သူတို့ကိုတော့ မတူပီချင်းလို့ ခေါ်ရမှာပါ။ မတူပီ နယ်မြေတလျှောက်ဟာ ရာသီဥတု မှျတလာတဲ့အတွက် အချို့နေရာများမှာ စပါးစိုက်ပျိုးထားတဲ့ လယ်ကွက်ကလေးတွေလဲ တွေ့ခဲ့ရပါတယ်။ လမ်းတလျှောက်ဟာ အဆင်းပိုင်းတွေ မြေညီတဲ့ အပိုင်းတွေ များလာတဲ့အတွက် သွားရတာ သက်သာတယ်လို့ ဆိုရမလားပဲ။ သို့သော် အကွေ့အကောက်တွေက များနေတုံးပါ။ စိတ်ထဲမှာ တစ်ခု ခံစားမိလာတာက မြန်မာနိုင်ငံရဲ့ အတွင်းအကျဆုံး လူသူအရောက်အပေါက်အနည်းဆုံး နေရာကို သွားနေရသလို ခံစားလာရပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ မတူပီမြို့ဆိုတာ ခရီးလမ်းဆုံလမ်းခွမြို့ တစ်မြို့မဟုတ်ပါဘူး။ မတူပီကနေ လွန်သွားရင် အိန္ဒိယနယ်မြေထဲကို ရောက်သွားတော့မှာပါ။

ဒီလိုနဲ့ ရှေ့ကိုသွားရင်း သွားရင်း မတူပီမြို့ကို ဝင်ရောက်ခါနီးအခါမှာ ရေစီးသန်တဲ့ ချောင်းတစ်ချောင်းကို တွေ့လိုက်ရပါတယ်။ ဒီချောင်းကို ဘာချောင်းလဲ မေးကြည့်တော့ လည်မြို့ချောင်းပါတဲ့။ လေးမြို့မြစ်ရဲ့ မူလအစ နေရာလို့လဲဆိုပါတယ်။ လည်မြို့ချောင်းရဲ့ ရေတွေဟာ ဘုံတလာ ရေတံခွန်ကနေ စီးဆင်းလာတာပါ။ ရေစီးလည်း သန်ပါတယ်။ ချောင်းထဲမှာတော့ ကျောက်တုံး ကျောက်ခဲတွေဆိုတာ မနည်းမနောပါပဲ။ ချောင်းကို ကူးဖို့အတွက် သံဘောင်တွေနဲ့ ဆောက်ထားတဲ့ တံတားတစ်စင်း ခိုင်ခိုင်မာမာတည်ရှိပါတယ်။ ဒီတံတားကို ကျော်ပြီး သိပ်မကြာခင်မှာ မတူပီမြို့ကို လှမ်းမြင်လိုက်ရပါပြီ။ မတူပီမြို့ကို အဝေးကနေ ကြည့်လိုက်ရတဲ့အခါ... မင်းတပ်မြို့နဲ့ နှိုင်းယှဉ်မိပါတယ်။ မတူပီမြို့လည်း လှတော့ လှပါတယ်။ သို့သော် မင်းတပ်လောက်တော့ မလှဘူးလို့ စိတ်ထဲထင်နေမိတယ်။


တောင်ဇလပ်နီ


သစ်ခွဖြူ


ကြာနဲ့ ခပ်ဆင်ဆင်တူတဲ့ တောင်ကြာ

## မတူပီမြို့အတွင်း

မတူပီမြို့လေးဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ မြို့လေးတစ်မြို့ပါ။ မင်းတပ်မြို့လို လူဝင်လူထွက်များတဲ့ မြို့တစ်မြို့လဲမဟုတ်၊ တကူးတကသွားမှသာ ရောက်နိုင်တဲ့ မြို့ဆိုရင်လည်း မမှားပါဘူး။ မင်းတပ်မြို့ဆိုရင် အနီးအနားမှာ ကျောက်ထု၊ ထီးလင်း၊ ကန်ပက်လက် စတဲ့မြို့တွေ ရှိတဲ့အခါ လူဝင်လူထွက် များနေတတ်ပါတယ်။ မတူပီကြတော့ ဒီလိုမဟုတ်တော့ပါဘူး။ အတွင်းပိုင်းထဲ ရောက်နေပြီး မင်းတပ်၊ ဟားခါးဘက်ကနေ သီးသန့်သွားမှ ဖြစ်နိုင်ပါတယ်။ မတူပီမြို့လေးဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့အတွက် ပျင်းစရာကောင်းတယ်လို့ ထင်စရာရှိပါတယ်။ သို့သော်… မတူပီမှာ နေဖူးတဲ့ သူတွေကတော့ မင်းတပ်ထက် ပျော်စရာကောင်းတယ်လို့ ဆိုကြပါတယ်။

သူတို့ မတူပီမှာ ဘာကြောင့် ပျော်ကြတယ်ဆိုတာ ရိပ်မိသလိုလိုတော့ ရှိပါတယ်။ မတူပီက ချင်းလူမျိုးတွေဟာ အသားဖြူဖြူ ခပ်ချောချောတွေများတယ်။ စကားပြောတာလည်း ယဉ်ကျေးဖော်ရွေတယ်။ အနေအထိုင်လည်း ခေတ်မီတယ် ဆိုရမလားပဲ။ အတွင်းပိုင်းထဲကို ရောက်နေတဲ့အတွက် တောကျတယ်လို့ထင်ရင် မှားသွားနိုင်ပါတယ်။ မတူပီက လူအတော်တော် များများဟာ ပြည်ပကို အထွက်များကြတဲ့အတွက် အနေအထိုင်တွေ ခေတ်မီကုန်တာလည်း ဖြစ်နိုင်ပါတယ်။ ဘာသာရေး အနေ့ကြည့်ရင် မြို့သူမြို့သားအများစုဟာ ခရစ်ယာန် ဘာသာဝင်တွေသာ များပါတယ်။ ဗုဒ္ဓဘာသာဝင်တွေဆိုတာက တစ်နယ်တကျေးက လာရောက်အမှုထမ်းနေကြတဲ့ အစိုးရဝန်ထမ်းတွေလောက်သာ ရှိတာပါ။

မတူပီ မြို့လေးမှာ ကံကောင်းတာ တစ်ချက်ရှိပါတယ်။ လျှပ်စစ်မီး ပေါပေါများများ သုံးရတဲ့ နေရာမှာ မင်းတပ်ထက်သာပါသေးတယ်။ ဘုံတလာ ရေအားလျှပ်စစ်က ထွက်လာတဲ့ ဓာတ်အားတွေဟာ မတူပီတစ်မြို့ထဲ သုံးတာပါ။ ညတွေရောက်ရင် ဟိုဘက်တောင်ကြောမှာ မီးတွေလင်းထိန်၊ ဒီဘက်တောင်ကြောမှာ မီးတွေလင်းထိန်ပေါ့။ ရာသီဥတုအနေအထားအရ ကြည့်မယ် ဆိုရင်လည်း မင်းတပ်လောက်ကို မအေးတော့ပဲ ရာသီဥတုမျှတတယ်လို့ ဆိုလို့ရပါတယ်။ မတူပီမှာ တစ်ခုထူးခြားတာက ဘုံတလာရေတံခွန်ပါ။ ဒီရေတံခွန်က ကျလာတဲ့ရေသံဟာ မတူပီမြို့ထဲကကို ကြားနေရပါတယ်။ ဒါတောင် ရေရှားပါးတဲ့ ဆောင်ရာသီမျိုးအချိန်ပါ။ မိုးတွင်လို့ ရေအားကောင်းတဲ့ အချိန်ဆိုရင် ဘယ်လောက်တောင်များ ကြားနေရမလဲ မသိ။




မတူပီမြို့ ရှု့ခင်း

မတူပီသူများ၏ ဝတ်ဆင်ဟန်

---

## ဝါးသီး



မတူပီမြို့ပေါ်မှာ နေခဲ့စဉ် ခဏတာအတွင်း ကြားခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုပါ။ ဝါးပင်တွေ အသီးယသီးတဲ့အခါ လူတွေ ဒုက္ခတွေ့ခဲ့ကြရပါတယ်။ မတူပီကနေ အိန္ဒိယနယ်စပ်အထိ လှမ်းမျှော်ကြည့်လိုက်မယ်ဆိုရင် ... ဒီ ခရီလမ်းတစ်လျှောက်မှာ ရွာတွေ အတော်များများ ရှိပါလိမ့်မယ်။ ဒီရွာတွေမှာ ရှိတဲ့ ဝါးပင်တွေက အသီးယသီးလိုက်တဲ့အခါ လူသားတွေ ဒုက္ခလှလှ တွေ့ပါလေရော..။ ဝါးပင်က အသီးယသီးတာနဲ့ လူတွေ ဒုက္ခရောက်တာ ဘာဆိုင်သလဲပေါ့။ ဒါပေမယ့်... ဆက်စပ်နေခဲ့ပါတယ်။

ဝါးပင်းက သီးတဲ့အသီးတွေ သီးပြီး ကြွေကျလာတဲ့အခါ မြေပြင်ပေါ်မှာ ရှိတဲ့ ကြွက်တွေက စားသောက်ကြပါတယ်။ ဝါးသီးကို စားလိုက်တဲ့အခါ ကြွက်တွေဟာ အားခွန်ဗလတွေ ပြည့်စုံပြီး သားပေါက်နှုန်းတွေ အဆမတန် မြင့်တက်လာခဲ့ပါတော့တယ်။ ဒီလို မွေးဖွားနှုန်း မြင့်တက်လာတဲ့ ကြွက်တွေဟာ ဝါးသီးတွေကို ထပ်စားပြီး ထွားကြိုင်းလာပါတယ်။ ကြွက်တွေ ထွားကြိုင်းပြီး အကောင်အရေအတွက်များလာတော့ လူသားတွေ ဒုက္ခကောင်းကောင်းတွေ့တဲ့အချိန်ပေါ့ ခင်ဗျာ။

ဒီကြွက်တွေဟာ အကောင်ရေများလာပြီး ထွားကြိုင်းလာတဲ့အခါ... သူတို့ရဲ့ အစားအစာအတွက် တိုင်းရင်းသားတွေရဲ့ တောင်ယာကို ကောင်းကောင်း ဖျက်ဆီးတော့တာပါပဲ။

တောင်ယာအခင်း တစ်ခုကို တစ်ခါတစ်ခါ ဝင်လိုက်ရင် ကြွက်အကောင်ရေ ၁၀၀ထက် မနည်းဘူးလို့ ဆိုပါတယ်။ ဒီကြွက်တွေ တောင်ယာစိုက်ခင်းတစ်ခုကို ဝင်သွားပြီးရင် တောင်ယာမှာရှိတဲ့ အပင်တွေဟာ အရိုးကြီး ကျန်ခဲ့ပါရော။ ဒီကြွက်တွေရဲ့ နှိပ်စက်မှုကြောင့် မတူပီ ပတ်ဝန်းကျင်မှာ ရှိတဲ့ ရွာအတော်များများဟာ အငတ်ဘေးနဲ့ တွေ့ကြုံရပါတော့တယ်။

အချို့ဆို တောထဲဝင်ပြီး သစ်မြစ်တွေ သစ်ဉတွေ တူးပြီး စားရတဲ့ အဆင့်ကို ရောက်ရော...။ အဲဒီလို အငတ်ဘေးကို ရင်ဆိုင်လိုက်ရတဲ့ တိုင်းရင်းသားတွေအတွက် မန္တလေးမြို့ တောင်စလင်းတိုက်က ဆရာတော်ကြီး ဦးတိက္ခဟာ ကိုယ်တိုင် မတူပီဘက်ကို ကွင်းဆင်းပြီး တိုင်းရင်းသားတွေရဲ့ ဘဝကို လေ့လာခဲ့ပါတယ်။ ပြီးတဲ့အခါမှာတော့ တိုင်းရင်းသားတွေအတွက် ဆန်အိပ်အမြောက်အများကို ပို့လှူစေခဲ့ပါတယ်။ တိုင်းရင်းသားတွေအတွက် ဆရာတော်ကြီးရဲ့ ကျေးဇူး ကြီးမားပေစွ။

---

## ဘုံတလာရေတံခွန်သို့

မတူပီကို ရောက်ခဲ့ပြီးနောက် တစ်နေ့ မနက်ခပ်စောစောမှာ ဘုံတလာရေတံခွန်ဘက်ကို သွားဖြစ်ခဲ့ကြပါတယ်။ ဘုံတလာရေတံခွန်ဟာ မတူပီမြို့အပြင်ဘက် ခပ်လှမ်းလှမ်းမှာ ရှိနေတဲ့အတွက် မနက်ဘက်ခပ်စောစောသွားမှ ရေတံခွန်ဆီကိုရောက်တဲ့အခါ အဆင်ပြေနိုင်မှာပါ။ မတူပီမြို့ပြင်ကို ရောက်တော့ မြို့ပြင်မှာ တပ်စွဲထားတဲ့ စစ်တပ်ရယ်၊ တောင်ကုန်းလေးတစ်ခုပေါ်မှာ ဆောက်ထားတဲ့ ဗျူဟာနေတဲ့ အိမ်ရယ် တွေ့လိုက်ရပါတယ်။ စစ်တပ်ကို လွန်တဲ့အခါ ထင်းခွေနေတဲ့ စစ်သားတွေ၊ အုတ်ဖုတ်နေတဲ့ စစ်သာတွေ အတော်များများပါပဲ။ သိပ်မကြာခင် 'ဖနိုင်း' ဆိုတဲ့ စံပြရွာလေးတစ်ရွာကို ရောက်ပါတယ်။ ဒီရွာလေးကတော့ ရွာဆိုပေမယ့် မြို့နဲ့ နီးအခါ မြို့ပြင်ရပ်ကွက်လေးတစ်ခုလို ဖြစ်နေပါတယ်။ ဘုံတလာ ရေအားလျှပ်စစ်က လာတဲ့ လျှပ်စစ်မီးကြိုးတွေ ဖြတ်သန်းတဲ့ နေရာ ဖြစ်နေတော့ 'ဖနိုင်း' ရွာလေးမှာလည်း မီးတွေ ဘာတွေနဲ့ ဖြစ်ကုန်တော့တာပါ။

ရှေ့ကို ဆက်သွားကြတဲ့အခါ ရေအားလျှပ်စစ် ထုတ်လုပ်တဲ့နေရာကို ရောက်လာခဲ့ပါပြီ။ ရေအားလျှပ်စစ် ထုတ်တဲ့နေရာဟာ ဘုံတလာရေတံခွန်နဲ့ အတော်လေးကို ဝေးပါသေးတယ်။ ရေတံခွန်က စီးကျလာတဲ့ ရေတွေကို ဆည်ကြီးတစ်ခုနဲ့ သိုလှောင်လိုက်ပါတယ်။ ပြီးတော့မှ ကွန်ကရစ်မြောင်းတွေနဲ့ ရေကို လမ်းကြောင်းလွှဲပြီး ရေအရှိန်အားနဲ့ လျှပ်စစ်ထုတ်လိုက်တာပါ။ ဒီနေရာကိုတော့ လေ့လာခွင့် မရှိပါဘူး။ အစောင့်တွေ ဘာတွေနဲ့ဆိုတော့ ခပ်လှမ်းလှမ်းကနေ ကြည့်လိုက်ရသည်ပေါ့။

ရေအားလျှပ်စစ်ထုတ်တဲ့ နေရာလေးကို လွန်သွားရင် ရှေ့မှာ ကားလမ်းမရှိတော့ပေမယ့် ဆိုင်ကယ်တွေတော့ ယူသွားလို့ရပါသေးတယ်။ ချောင်းတစ်ခု ခံနေပါပြီ။ ချောင်းထဲမှာ ကျောက်တုံးတွေ အတော်များများ ရှိပြီး ရေတွေ စီးနေပါတယ်။ ချောင်းထဲက ကျောက်တုံးလေးတွေကို ယူကြည့်တဲ့အခါ စားသွေးကျောက်လုပ်ဖို့ အဆင်ပြေတဲ့ ကျောက်မျိုးတွေပါ။ ကြမ်းရှရှလေးနဲ့ မာကျောကျစ်လစ်နေတာပါပဲ။ ချောင်းကို ဖြတ်ပြီး တစ်ဘက်ခြမ်းကို ရောက်တဲ့အခါ ဝါးပင်တွေ အသီးယသီးနေတာ တွေ့လိုက်ရပါတယ်။ တစ်ခါမှ မတွေ့ဖူးတဲ့ ဝါးသီးတွေ.. ဒီတစ်ခါတော့ တွေ့ရပြီပေါ့။ ကြည့်လိုက်တဲ့အခါ စားချင်စရာ အသီးပုံစံမျိုးတွေပါပဲ။ ဒါနဲ့ တစ်လုံးနှစ်လုံးလောက် ခူးပြီး ကိုက်ကြည့်လိုက်ပါတယ်။

ကိုက်လိုက်တဲ့အခါ မာလကာသီးလိုလို ဘာလိုလိုပါပဲ။ ခါးလိုက်တဲ့ အရသာ.. စားလို့ကို မဖြစ်ပါဘူး။ လက်ထဲမှာရှိတဲ့ နောက်တစ်လုံးတောင် လွှတ်ပစ်လိုက်ရပါတယ်။

ရှေ့ကို ဆက်သွားတဲ့အခါ... တောင်ပတ်လမ်းလေးအတိုင်း သွားကြရပါတယ်။ လမ်းရဲ့ ဘေးတစ်ဘက်တစ်ချက်မှာ တောင်ယာစိုက်ခင်းတွေ၊ တောင်ယာ မီးရှို့ထားတာတွေ တွေ့ရပါတယ်။ တောင်ယာအခင်းထဲမှာတော့ ချင်းမလေးတွေ လွယ်အိပ်လေးတွေကို လွယ်လို့၊ လက်ထဲမှာ စူးတစ်ချောင်းကိုင်ပြီး မြေကြီးကို ထိုးလိုက်၊ လွယ်အိပ်ထဲက မျိုးစေ့ကိုယူပြီး စူးထိုးထားတဲ့ ကျင်းထဲကို ထည့်လိုက်ပေါ့။ သူတို့ကို တွေ့တော့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပြုံးလိုက်တယ်။ သူတို့က ပြန်ပြုံးပြရုံတင်မဟုတ်တော့ပါဘူး တဟီးဟီး တဟားဟားနဲ့တောင် လုပ်လိုက်သေး။ တောင်ယာ စိုက်ခင်းတွေကို လွန်တော့ ရှေ့ ခပ်လှမ်းလှမ်း တောအုပ်ကြီးတစ်ခုကို ကျော်ပြီး ကြည့်လိုက်တဲ့အခါ.. ရေတံခွန်ကြီးကို လှမ်းမြင်နေရပါတယ်။ ရောက်ဖို့ နည်းနည်း လိုပါသေးတယ်။

ရှေ့ရောက်လာတဲ့အခါ လမ်းက အတော်လေး ကျဉ်းလာပါပြီ ဆိုင်ကယ်စီးလို့ မရတော့ပါဘူး။ ဒါနဲ့ ဆိုင်ကယ်ကို ထားခဲ့ပြီး လမ်းဆက်လျှောက်သွားရပါတယ်။ လူသွားလမ်း ဆိုသော်လည်း အချို့နေရာတွေမှာ ခြေချဖို့ နေရာလောက်သာ ရှိတာပါ။ တောင်နံရံကို ပေါက်တူးနဲ့ ဖဲ့ပြီး လမ်းဖေါက်ထားတဲ့ ပုံပါပဲ။ သတိမထားပဲ လျှောက်ရင်တော့ ဒီလမ်းတွေဟာ အန္တရာယ် များနိုင်ပါတယ်။ လမ်းအောက်မှာက ချောက်ကြီးတွေ။ ပြုတ်ကျရင်တော့ ဒရွတ်ဆွဲမှာ သေချာတယ်။ အဲဒီလို ခက်ခက်ခဲခဲ လျှောက်ရတဲ့ လမ်းကို လွန်သွားတဲ့အခါ ရှေ့မှာ တောအုပ်ကြီးတစ်ခု ဆီးကာနေခဲ့ပါပြီ။ ဒီ တောအုပ်ကို ကျော်ဖြတ်ပြီးရင်တော့ ကျွန်တော် သိပ်ရောက်ချင်နေခဲ့တဲ့ ဘုံတလာကို ရောက်တော့မှာပါ။

## ဘုံတလာ

တောအုပ်ရဲ့ အဆုံးကို ရောက်တဲ့အခါ ဘွားကနဲ ရေတံခွန်ကြီးတစ်ခုကို တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန်က ဆောင်းရာသီ ရေနည်းစပြုတဲ့ အချိန်ဆိုတော့ ရေတံခွန်ရဲ့ အောက်ခြေအထိကို သွားလို့ အဆင်ပြေပါတယ်။ တောအုပ်ရဲ့ အဆုံးမှာ ရေတံခွန် အောက်ခြေကို ဆင်းဖို့အတွက် လှေကားတစ်ခု ထောင်ထားပါတယ်။ ရေတံခွန် အောက်ခြေတစ်ခုလုံးမှာ ကျောက်တုံးကြီးတွေ မနည်းမနောပါပဲ။ အချို့သော ကြောက်တုံးကြီးတွေဟာ ကျိုက်ထီးရိုးဘုရား ကျောက်တုံး ထက်တောင် ကြီးဦးမလားလို့ တွေးမိပါသေးတယ်။ မိုးတွင်းအချိန်တွေမှာ ဒီကျောက်တုံးကြီးတွေကို တွေ့မြင်ရမှာ မဟုတ်ပါဘူး။ ကျောက်တုံးအထက်မှာ ရေတွေ ပြည့်နေလောက်ပါပြီ။

ရေတံခွန်အထက်ကို ကြည့်လိုက်တဲ့အခါ.. အထက်ပိုင်းမှာ တောအုပ်ကြီးတစ်ခု ရှိနေပါတယ်။ ဒီတောအုပ်ကြီးကြောင့် ရေတံခွန်က ရေတွေကျဆင်းလာတာ ဖြစ်ရမယ်။ ရေတံခွန်ကြီးရဲ့ ကျောက်နံရံတွေမှာ ပျားအုံတွေဆိုတာ မနည်းမနောပါပဲ။ ပျားဖွတ်မယ့်သူရဲ့ ဘေးက လွတ်မြောက်နေတော့ အနှောက်အယှက်ကင်းကင်းနဲ့ နှစ်ရှည်လများ အုပ်စုဖွဲ့နေတဲ့ ပုံမျိုးပါ။ ရေတံခွန်ကြီးဟာ အဆင့် ခုနစ်ဆင့် ရှိတယ်လို့ဆိုပါတယ်။ သုံးဆင့်လောက် အထိတော့ တက်လို့ လွယ်ပါတယ်။ ကျန်တဲ့ အဆင့်တွေကတော့ မတ်နေတဲ့အတွက် တက်ဖို့ မလွယ်တော့ပါဘူး။ ရေတံခွန် အောက်ခြေမှာ ရေကူးမယ်ဆိုရင် ကူးလို့တော့ ဖြစ်နိုင်ပါတယ်။ သို့ပေမယ့် ရေက စိမ့်နေအောင်

အေးတာပါ။ နောက်ပြီး ကျလာတဲ့ ရေအရှိန်က ပြင်းတယ်၊ ရေစီးလည်း သန်တယ်ဆိုတော့ ရေကူးဖို့ လက်လျှော့လိုက်တာ ကောင်းတာပါပဲ။

တစ်ခုဟန်ကျတာက အောက်ခြေက ကျောက်တုံးကြီးတွေပါ။ ကျောက်တုံးကြီးတွေဟာ သိပ်ပြီး ကြီးမားလွန်းတဲ့အတွက် ကျောက်တုံးတစ်ခုနဲ့တစ်ခု ဆက်နေတဲ့နေရာမှာ လှိုဏ်ဂူလိုမျိုးလေးတွေ ဖြစ်ဖြစ် နေတတ်ပါတယ်။ အဲဒီလို နေရာမျိုးလေးတွေမှာ ပျော်ပွဲစား ထွက်လာသူတွေအတွက် ဟန်ကျတာပါပဲ။ အေးအေးဆေးဆေး အနားယူပြီး ချက်ပြုတ်စားသောက်ဖို့ ဟန်ကျပေါ့။ ပျော်ပွဲစားထွက်လာကြတဲ့ ချင်းလူမျိုး အချို့ကိုလည်း တွေ့လိုက်ရပါသေးတယ်။ သူတို့တွေကတော့ ဒန်အိုးဒန်ခွက်တွေနဲ့ ခင်ဗျ။ အပြီးအပြင်ကို ပျော်ပွဲစား ထွက်လာတာပါ။ ဘေးမှာလည်း ကြက်အရှင်တစ်ကောင်ကို ကြိုးနဲ့ ချည်ထားလိုက်သေး၊ ဆန်အိပ်လေး တစ်အိပ်လည်း တွေ့လိုက်ရသေးပေါ့။ တစ်နေကုန် တစ်နေခန်း နေမယ့် သဘောလို့ တွက်လို့ရပါတယ်။

ကျွန်တော်တို့လည်း ရေတံခွန်နားမှာ အားရပါးရနေပြီး စိတ်ကျေနပ်သလောက်ရှိတော့ ပြန်ထွက်ခွာလာခဲ့ပါတယ်။ အပြန်ခရီးဟာ အသွားလောက်ကို မကြာဘူးလို့ စိတ်ထဲ ထင်မိတယ်။ သိပ်မကြာခင် မတူပီကို ပြန်ရောက်ရော ဆိုပါတော့..။ မတူပီမှာ လည်စရာ ပတ်စရာလဲ သိပ်များများစာစားလည်း မရှိတော့ နောက်ထပ် တစ်ရက်နှစ်ရက်လောက်နေပြီး ရာသီဥတုသာသာယာယာ ရှိတဲ့အခါ မတူပီမြို့ကနေ မင်းတပ်ဘက်ကို ပြန်လာခဲ့ပါတော့တယ်။



## အပြန်ခရီး

သဘာဝအလှတွေနဲ့ ပြည့်နှက်နေတဲ့ ချင်းပြည်နယ် အပြန်ခရီးဟာ လွမ်းစရာတော့ အကောင်းသားဗျာ။ ကြည့်လိုမဝနိုင်တဲ့ တောင်တန်းကြီးတွေ၊ အေးချမ်းလှတဲ့ ချင်းပြည်နယ်ရဲ့ ရာသီဥတု၊ လှပတဲ့ ထင်းရှူးနဲ့ တောင်ဇလပ်တွေ... ဒါတွေဟာ စိတ်ထဲ မေ့ပျောက်နိုင်တော့မယ် မဟုတ်ပါဘူး။ ချင်းလူမျိုးတွေကို သူများတွေ ဘယ်လိုမြင်လို့ ဘယ်လိုပင်ပြောပြော ကျွန်တော့်အမြင်တော့ ရိုးသားတဲ့ လူမျိုးတွေလို့ မြင်ပါတယ်။ စိတ်ထဲရှိတာကို အရှိအတိုင်းထုတ်ဖော်တတ်တဲ့ လူမျိုးတွေလို့ မြင်ပါတယ်။

ချင်းလူမျိုးတွေ ဟန်မဆောင်တတ်ပါဘူး။ စိတ်ဆိုးရင် ဆိုးတဲ့အတိုင်း ဖြေရှင်းတတ်ကြတယ်။ လိုချင်စိတ်ရှိရင် ရှိတဲ့အတိုင်း ရအောင်ယူတယ်။ ဒီလောက် ရိုးရှင်းတာ ဘာရှိဦးမှာလဲ။

မတူပီကနေ ထွက်ခွာလာပြီးတဲ့နောက် အသွားတုံးက ဝင်ခဲ့တဲ့ ၅၆မိုင်ဘုန်းကြီးကျောင်းကို ခဏဝင်ခဲ့ပြီး ဦးဇင်းကို ဝတ်ဖြည့်ခဲ့ပါတယ်။ ပြီးတော့.. အတော်ကြာကြာလည်ပတ်ခဲ့တဲ့ ၄၅မိုင်ကို ရောက်တဲ့အခါ ကားလမ်းပေါ်ကနေ တစ်ရွာလုံးကို လှမ်းမြင်နေရတဲ့ ရောင်လောင်းရွာလေးကိုလည်း ကြည့်ခဲ့ပါတယ်။ ကြည့်လို့ဝတဲ့အခါ ... ရောင်လောင်းရွာလေးမှာ ခင်မင်ခဲ့တဲ့ ချင်းလူမျိုးကြီးတစ်ဦးက အပြန်ခရီးမှာ လက်ဆောင်ပေးမယ်လို့ ပြောတဲ့အတွက် ရောင်လောင်းရွာထဲကို ထပ်ပြီး ဆင်းဖြစ်ခဲ့ပါသေးတယ်။ ရွာထဲရောက်တော့ ချင်းလူမျိုးကြီး ကိုယ်တိုင် ယက်လုပ်ထားတဲ့ လွယ်ကြိုးလေးနဲ့ ချင်းပလိုင်းလေးတစ်လုံးရယ်၊ ခဲမဖြူရိုးကွပ်ထားတဲ့ ဓားလေးတစ်လက်ရယ် လက်ဆောင်ရခဲ့ပါတယ်။ ပြီးတဲ့အခါ ဆရာမလေးတွေကို နှုတ်ဆက်၊ ရွာက ဦးဇင်းကို ဝတ်ဖြည့်ပေါ့။ အားလုံးပြီးတဲ့အခါ ရောင်လောင်းရွာလေးကနေ ထွက်ခွာခဲ့ပါတော့တယ်။

မင်းတပ်မြို့ကို ရောက်လာခဲ့ပြီးတဲ့နောက်... ကျွန်တော် လည်ပတ်ခဲ့တဲ့ ချင်းရွာလေးတွေကို လွမ်းသလိုလို ဖြစ်နေတုံးပါပဲ။ ချင်းရွာလေးတွေကို လွမ်းတယ်ဆိုတာထက် ချင်းလူမျိုးတွေကို လွမ်းတယ်ဆိုတာ ပိုမှန်နေမလားမပြောတတ်။ သူ့ဓလေ့ သူ့စရိုက်နဲ့တော့ ခင်စရာအတော်ကောင်းသား။ ဓာတ်သိသွားရင် ချင်းလူမျိုးတွေအကြောင်းကို ကောင်းကောင်း သိနိုင်ပါလိမ့်မယ်။ ချင်းလူမျိုးတွေဆိုတာ မခင်ရင် ခပ်စိမ်းစိမ်းနေတတ်ပေမယ့်။ ခင်မိရင်လည်း အတော်ခင်တတ်တဲ့ လူမျိုးပါ။

ချင်းပြည်နယ်အကြောင်းကို တင်ပြနေရင် ကျွန်တော်တစ်ခု အသိပေးလိုပါသေးတယ်။ ချင်းလူမျိုးတွေဟာ မြေပြန့်ဒေသက လူတွေလို စားဝတ်နေရေး ပြည့်စုံကြတဲ့သူများ မဟုတ်ကြပါဘူး။ အစစအရာရာ ချို့တဲ့ကြတဲ့အတွက် ကျွန်တော်တို့ အနေနဲ့ တတ်နိုင်သလောက် ဒီလူမျိုးတွေကို ထောက်ပံ့ဖို့သင့်တယ်လို့ ထင်မြင်မိပါတယ်။ ကိုယ့်အတွက် အသုံးမဝင် ခေတ်မမီတော့တဲ့ အဝတ်အစားတစ်ထည်ဟာ ချင်းလူမျိုးလေးတစ်ယောက်အတွက် သိပ်ကို အသုံးတည့်နေတတ်ပါတယ်။ ကျွန်တော်တို့ရဲ့ သွေးချင်းတွေကို ပစ်မထားသင့်ပါဘူး ခင်ဗျာ။ ။

*ခင်မင်လေးစားစွာဖြင့်...*

*ညီစေ*